ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့ (4-6-2015) (၈၂၂၀)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဥ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ဧရာဝတီမြစ်ရေမြင့်တက်လာသော်လည်း ရေယာဉ်များ သတိထားသွားလာရမည်

ဧရာဝတီမြစ်အတွင်း မေလပိုင်းမှစ၍ မြစ်ရေ တစ်မီတာခန့် မြင့်တက်လာပြီဖြစ်သော်လည်း မြစ်ကြောင်းသွားရေယာဉ်များအတွက် လုံလောက်သည့် ရေအနက်မရရှိသေးသဖြင့် သတိထားခုတ်မောင်းသွားလာရမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေး)မှ လက်ထောက်ဦးစီးအရာရှိ ဦးတိုးအောင်လင်းကပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ)နောက်ခံအလှနှင့် ရေတဖွေးဖွေးတက်နေသော ဧရာဝတီမြစ်အတွင်း ခရီးသည်တင်အမြန်သင်္ဘောတစ်စင်း ခုတ်မောင်းနေစဉ်။

# မြကျွန်းသာဥယျာဉ်စီမံကိန်းက MIC ကို အဆိုပြုလွှာတင်လာခြင်း မရှိသေးသည့်အတွက် မှတ်ချက်ပေး၍မရနိုင်

■ တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်းနှင့် တွေ့ဆုံခြင်း**

**ရန်ကုန် ဇွန် ၃**

ဗဟိုဦးစီးစနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို နှစ်ပေါင်းများစွာကျင့်သုံးခဲ့မှုကြောင့် လည်းကောင်း၊ တစ်ဖန် အနောက်နိုင်ငံကြီးများ၏ စီးပွားရေးပိတ်ဆို့မှုများကြောင့် လည်းကောင်း မြန်မာ့စီးပွားရေးသည်ဒေသတွင်း၌များစွာ နောက်ကျကျန်ရစ်ခဲ့ရသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့်အတူ သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုပေါင်းများစွာ ဝင်ရောက်ခဲ့သည်။

ထိုသို့ဝင်ရောက်လာမှုနှင့်အတူ အစိုးရသစ်လက်ထက်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄ - ၆ - ၂၀၁၅

| | |
|---|---|
| ချောင်းဆုံ | ၅ ဒသမ ၆၇ လက်မ |
| ကျိုက်မရော | ၂ ဒသမ ၆၇ လက်မ |
| ဘားအံ(စိုက်ပျိုးရေး) | ၁ ဒသမ ၉၃ လက်မ |
| ဂန့်ဂေါ | ၁ ဒသမ ၇၃ လက်မ |
| လှိုင်းဘွဲ့ | ၁ ဒသမ ၁၄ လက်မ |



ကြေးမုံ စာ တည်း ရှု ထောင့် — ၄-၆-၂၀၁၅၊ ကြာသပတေးနေ့

# ကိန်းဂဏန်းများ နိုင်ငံအတွက် အရေးကြီး

မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်က လူဦးရေသန်းခေါင်စာရင်းကောက်ခဲ့ဖူးသည်။ နှစ်ပေါင်း ၃၀ ကျော်ကာလ စာရင်းမကောက်ဖြစ်ခဲ့၍ မြန်မာနိုင်ငံ၏ လူဦးရေကိန်းဂဏန်းများကို ပျမ်းမျှနှုန်းဖြင့် ခန့်မှန်းတွက်ချက်ခဲ့သောကြောင့် မြေပြင်အရေအတွက်နှင့် လက်ရှိကိန်းဂဏန်း ကွာဟချက်များ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၂၉ ရက်မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူခဲ့ပြီး ဩဂုတ်လတွင် ရှေ့ပြေးလူဦးရေစာရင်းအား ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။ ဆက်လက်၍ ၂၀၁၅ ခုနှစ် မေ ၂၉ ရက်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို ထုတ်ပြန်လိုက်ရာ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသော ကိန်းဂဏန်းများကို မြင်တွေ့ သိရှိရပါသည်။

ရှေ့ပြေးလူဦးရေစာရင်းတွင် ၅၁ ဒသမ ၄၁သန်းကျော်ရှိရာမှ ယခုပင်မအစီရင်ခံစာတွင် ၅၁ ဒသမ ၄၉ သန်းခန့်ရှိသဖြင့် လူဦးရေကွာဟချက်ကြီးကြီးမားမားမရှိသည်ကို တွေ့ရပါသည်။ နိုင်ငံနှင့်ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် ထုတ်ပြန်လိုက်သော လူဦးရေနှင့်အိမ်အကြောင်းအရာများသည် အရေးပါသည့် အထောက်အကူပြုအချက်အလက်များဖြစ်လာသည်။

ရရှိထားသော ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှသာ ရေးဆွဲဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရရှိထားသော လူဦးရေစာရင်းမှာ မြန်မာနိုင်ငံအတွင်းရှိ လူဦးရေကို အခြေခံထားသောကြောင့် နိုင်ငံနှင့် ပြည်သူလူထုဖွံ့ဖြိုးမှုအတွက် အနီးစပ်ဆုံး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အမှန်တကယ်တွင် ပြည်ပရောက် မြန်မာနိုင်ငံသားဦးရေမှာ နှစ်သန်းခန့်ရှိမည်ဟု အစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားသဖြင့် မြန်မာနိုင်ငံသားဦးရေမှာ ၅၃ သန်းခန့်ဟု ဆိုနိုင်ပါသည်။ မည်သို့ပင်ရှိစေကာမူ နိုင်ငံတော်အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ယခုကဲ့သို့ လူဦးရေနှင့် အိမ်အကြောင်းအရာများကို အနီးစပ်ဆုံးရရှိပြီးဖြစ်၍ ထိရောက်စွာဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

လူဦးရေအမျိုးအစားများကို တိတိကျကျထုတ်ပြန်ထားသည်မှာ နိုင်ငံအတွက်သာမက ပြည်သူအတွက်လည်း အကျိုးများပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသားဦးရေမှာ ၂၄ ဒသမ ၈၂ သန်းရှိပြီး အမျိုးသမီးဦးရေမှာ ၂၆ ဒသမ ၆၆ သန်းရှိသဖြင့် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ၁ ဒသမ ၈ သန်းကျော် ပိုများသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အမျိုးသမီးများအခွင့်အရေးကို ပိုမိုဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

အလုပ်လုပ်နိုင်သော လူဦးရေဖြစ်သည့် အသက်(၁၅)နှစ်မှ (၆၄) နှစ်ကြားအရေအတွက်များနေခြင်းသည် မြန်မာနိုင်ငံ၏လူဦးရေဆုလာဘ်ဟု ဆိုနိုင်ပါသည်။ အလုပ်လုပ်နိုင်သူ လူဦးရေများသောကြောင့် နိုင်ငံအတွက် အလားအလာကောင်းများ ရှိနေပါသည်။ လူ့သက်တမ်းရှည်သဖြင့် သက်ကြီးရွယ်အိုဦးရေတိုးပွားလာရာ ၎င်းတို့အတွက် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ပေးရန် စီမံရတော့မည်။

လူတစ်ဦးချင်းမျှော်မှန်းသက်တမ်းမှာ ၆၆ ဒသမ ၈ နှစ်ရှိလာသဖြင့် ယခင်ကထက်စာလျှင် မြင့်မားလာသော်လည်း အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းစာလျှင် အားနည်းလွန်းသည်ဟု ဆိုနိုင်ပါသည်။ အသက်(၁၅)နှစ်အထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိလာသော်လည်း ကျေးလက်များတွင် စာမတတ်သူများရှိနေသေးရာ စာတတ်မြောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရဦးမည်ဖြစ်ပါသည်။

ယနေ့ပြည်သူလူထု၏ အဓိကလိုအပ်ချက်ဖြစ်သည့် အိမ်ပိုင်ဆိုင်မှုတွင် အိမ်ပိုင်ဆိုင်သူ ၈၆ ရာခိုင်နှုန်းရှိပြီး အိမ်ငှားဖြင့် နေထိုင်သူ ၇ ရာခိုင်နှုန်းသာရှိသဖြင့် ပြည်သူလူထု၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

လူဦးရေနှင့်အိမ်အကြောင်းအရာများကို နိုင်ငံတော်က ဤသို့ဆောင်ရွက်ပေးခဲ့သောကြောင့် နိုင်ငံနှင့် ပြည်သူလူထုအတွက် အရေးကြီးသော ကိန်းဂဏန်းများကိုရရှိလာပြီဖြစ်၍ အမှန်တကယ်လိုအပ်ချက်များကို အနာဂတ်တွင် ဆက်လက်ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၃**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။



အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအေးက မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲမှူး ဦးဝင်းသိန်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၁၀၁)မှ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူး ထွန်းထွန်းဦးက မြန်မာနိုင်ငံတွင် လက်ရှိ ဆောင်ရွက်နေသော မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာမောင်မောင်ဦးက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ဥပဒေအရာရှိ ဦးကျော်သူရဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများအကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေပြည်သူများ၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အခမ်းအနားတွင် ပြသထားသည့် မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ရွှေကူတို)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၉၃၀၀ | - | ၇၂၀၃၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၉၃၀၀ | - | ၇၂၀၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၉၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၁၄. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၅. ၈၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၃၁၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၆. ၀၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၁၀၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၈. ၂၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၂၉၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၆. ၁၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၇. ၃၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## မြစိမ်းရောင်ချေးငွေများထုတ်ချေး

**ခရမ်း ဇွန် ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း တစ်ရွာလျှင် မြစိမ်းရောင်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ယခင်နှစ်ကတည်းက မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျုံတူးကျေးရွာ၊ အုန်းပင်ကျေးရွာ၊ ကမာကလူကျေးရွာနှင့် ပန်းတောချောင်ကျေးရွာများသည် ယခင်နှစ်ချေးငွေများအားလုံး အပြေအကျေပေးဆပ်ပြီးဖြစ်၍ ချေးငွေများ ပြန်လည်ထုတ်ချေးလျက်ရှိရာ မေ ၂၈ ရက်က ကျုံတူးကျေးရွာတွင် ဒုတိယအကြိမ်အဖြစ် မြစိမ်းရောင်အသင်းသား ၃၁၂ ဦးအား ချေးငွေစုစုပေါင်း ၃၂၀၀၀၀၀ ထုတ်ချေးခဲ့ကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**




**အမည်ပြောင်း**

လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(က)မှ အဖဦးသိန်းထွန်း၏သား မောင်ဝေလင်းထွန်းအား မောင်အောင်ကိုဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ မောင်အောင်ကိုဖြိုး

**အမည်ပြောင်း**

ဦးအောင်မြင့် [၇/သဝတ-ဝ၇၂၀၂၁] ၏သားဖြစ်သူ အမက(၁၇)မရမ်းကုန်း၊ တတိယတန်း၌ ပညာသင်ကြားနေသော မောင်စန်းကိုကိုအား မောင်ဇေယျာဝင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဇေယျာဝင်းအောင်

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**အမည်ပြောင်း**

ဦးအုန်းမြင့် ၁၂/သကတ(နိုင်)၀၈၀၁၂၃- ဒေါ်တင်ဇာလွင်တို့၏သမီး ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း Grade(4-L)မှမအိအိငွေအား မဆုအိရတီစံဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၄-၁၂-၂၀၁၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံတောင်မြို့နယ်ဒေါ်ခင်ခင်ငွေး၏ပါမစ်ပျောက်ဂရန်သစ်တွင်အမည်ပေါက်ဒေါ်ခင်ခင်ငွေးအစားဒေါ်ခင်သန်းငွေး(ခ)ဒေါ်ခင်ခင်ငွေးဟုဖတ်ရှုပါရန်။

**အသိပေးကြေညာချက်**

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SPRING SKY V.48 သင်္ဘောသည် ၅-၆-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခြင်း

မြန်မာ့လက်ရွေးစင်အသက်(၂၃)နှစ်အောက် အမျိုးသားဘောလုံးအသင်းအနေဖြင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအုပ်စု အဖွင့်ပွဲစဉ်၌ အင်ဒိုနီးရှားအသင်းအား (၄)ဂိုး (၂)ဂိုးဖြင့် အနိုင်ရရှိအောင် ရေကုန်ရေခန်း ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်းကောင်း၊ အားကစားဝန်ကြီးဌာန အနေဖြင့်လည်းကောင်း တာဝန်ရှိသူအားလုံးအပေါ် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

**ဦးတင့်ဆန်း**

**ပြည်ထောင်စုဝန်ကြီး၊ အားကစားဝန်ကြီးဌာန**

## ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(၅)၊ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ ပုဒ်မ ၁၁၊ ၁၃၊ ၃၀ ပုဒ်မခွဲ(ဆ) နှင့်ပုဒ်မ၃၃ တို့ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေတွင်ပါရှိသည့် "the Excise Commissioner"ဆိုသည့်စကားရပ်ကို "the Director General of the General Administration Department"ဟူသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ (ဂ) တို့တွင်ပါရှိသော "the Excise Department"ဟူသည့် စကားရပ်ကို "the General Administration Department"ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ တွင်ပါရှိသော "shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both" ဆိုသည့်စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of two years, or shall be liable to fine with a minimum of one million kyats to a maximum of two million kyats or with both"ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၁ တွင်ပါရှိသော "shall be punishable with imprisonment which may extend to one year and shall also be liable to fine"ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of one year to a maximum of three years and shall also be liable to fine with a minimum of two million kyats to a maximum of three million kyats"ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# ပိဋကတ်သုံးပုံစာအုပ်များဝယ်ယူနိုင်

**ရန်ကုန် ဇွန် ၃**

သာသနာရေး ဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲက စာသင်သားရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများအတွက် အကျိုးကျေးဇူးများစေသည့် ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်စာစောင်များကို စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းစာအုပ်များ အုပ်ရေ ၄၀၀ တစ်စုံလျှင် ကျပ် ၉၀၀၀၀ ဖြင့်လည်းကောင်း၊ ပိဋကတ်သုံးပုံ (မြန်မာပြန်) စာအုပ်များ အုပ်ရေ ၃၀ တစ်စုံလျှင် ကျပ် ၈၀၀၀၀ ဖြင့်လည်းကောင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း သာသနာရေးဦးစီးဌာန ပိဋကတ်ကျမ်းစာအုပ်အရောင်းဆိုင်တွင် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

အခြား စာသင်သားရဟန်းတော်များအတွက် လိုအပ်သည့် စာသင်သားကိုင်စာအုပ်များနှင့် ပဋ္ဌာန်းကျမ်းစာအုပ်များ၊ ပဋ္ဌာန်းနိဿယစာအုပ်များ၊ မဟာဗုဒ္ဓဝင်ကျမ်းစာအုပ်များ၊ လစဉ်ထုတ် သာသနာ့ရောင်ခြည်စာအုပ်များစသည့် သာသနာတော်ဆိုင်ရာ စာအုပ်စာစောင်များအား ဈေးနှုန်းချိုသာစွာဖြင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# ပုဂ္ဂလိက အာမခံလုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုမည်

**ရန်ကုန် ဇွန် ၃**

ကျန်းမာရေးအာမခံလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ မေ ၂၉ ရက် နံနက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ကျန်းမာရေးအာမခံဆောင်ရွက်ခွင့်ကို မြန်မာ့အာမခံလုပ်ငန်းအပါအဝင် ပုဂ္ဂလိက အာမခံလုပ်ငန်းများကို နိုင်ငံတော်မှ တရားဝင်ခွင့်ပြုပါကြောင်း၊ ယခုဆောင်ရွက်မည့် ကျန်းမာရေးအာမခံမှာ Commercial Health Insurance ဖြစ်ပါကြောင်း၊ ဇွန်လအတွင်း သတင်းစာရှင်းလင်းပွဲဖြင့် မီဒီယာများမှတစ်ဆင့် ပြည်သူကို ရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အာမခံလုပ်ငန်းကို ဇူလိုင် ၁ ရက်တွင် စတင်ရောင်းချမည်ဖြစ်သည်။ ဆောင်ရွက်မည့် အာမခံလုပ်ငန်းများမှာ ရောင်းချရမည့် အစီအစဉ်၊ လျော်ကြေးပေးချေခြင်းလုပ်ငန်းများအတွက် နိုင်ငံတကာ အိုင်တီစနစ်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ပုဂ္ဂလိကအာမခံလုပ်ငန်း ကုမ္ပဏီများကိုလည်း လုပ်ငန်းသစ်လုပ်ကိုင်ခွင့် အနေဖြင့် ဇွန်လအတွင်းမှာပင် ရေကြောင်းပို့ကုန်ပစ္စည်းအာမခံကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

ခရီးသွား အာမခံလုပ်ငန်းလက်ခံရာတွင် အပြိုင်အဆိုင်ရောင်းချမှုများကြောင့် မတရားပြိုင်ဆိုင်မှုဖြင့် အာမခံစနစ်၏ မွန်မြတ်မှုကို မထိခိုက်စေလိုကြောင်း၊ မတရားပြိုင်ဆိုင်မှုလုပ်ငန်းများကို သိရလျှင်လည်း လုပ်ငန်းရပ်ဆိုင်းသည်အထိ ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း၊ အာမခံကုမ္ပဏီများ၏ နိုင်ငံခြားငွေဖြင့် လုပ်ကိုင်ခွင့်ကိုလည်း အထူးစီးပွားရေးဇုန်အတွင်း လုပ်ခွင့်ရနိုင်ငံခြားအာမခံကုမ္ပဏီများနှင့် ယှဉ်နိုင်ရန် တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက အာမခံကုမ္ပဏီများ၏ တစ်ဆင့်အာမခံကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ အာမခံကုမ္ပဏီများအတွက် နိုင်ငံခြားအာမခံ ဈေးကွက်လေ့လာခွင့်များလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။ **(ကြေးမုံ)**

**○ဧရာဝတီမှ**

"ရေတိုးလာတာမှန်ပေမယ့် ရေကျချိန်က ရှိနေတဲ့ သောင်တွေမြုပ်ရုံလောက်ပဲရှိသေးတယ်။ အဲဒီအချိန်မှာ ရေယာဉ်တွေက မြုပ်ရုံပဲရှိသေးတဲ့ သောင်ပါးတွေပေါ် ဖြတ်မောင်းဖို့ မဖြစ်သေးလို့ ရေကျချိန် မူလရေလမ်းကြောင်း အတိုင်းပဲသွားရမှာပါ"ဟု ၎င်းကပြောသည်။

ရေကျချိန် မြစ်လယ်တွင် ပေါ်နေသော သောင်များတစ်မီတာခန့်သာမြုပ်သွားသဖြင့် ရေယာဉ်များ၏ ရေစူးနှင့် လွတ်ကင်းနယ်အထိ မရောက်ရှိသေးကြောင်း၊ ဇူလိုင်၊ ဩဂုတ်လများမှသာ မြစ်ရေတိုးမှုသည် ၁၀ မီတာမှ ၁၃ မီတာအထိလုံလောက်သည့် အနေအထားသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

"သတ်မှတ်ရေစူးထက်ပိုပြီး ရေယာဉ်တွေ ကုန်တင်ရင် သောင်တင်တတ်တယ်။ ရေလမ်းကြောင်းအမှတ်အသားတွေနဲ့ မြစ်ကြောင်းတစ်လျှောက် အသိပေးထားပါတယ်"ဟု ရေလမ်းထိန်းသိမ်းရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ယခုအချိန် မိုးဦးကျကာလတွင် မြစ်အတွင်း ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် သတိပေးချက်များ၊ ရေလမ်းကြောင်းအနေအထားများကို နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားမှ အသိပေးနေကာ လက်ရှိဧရာဝတီမြစ်ရေသည် မြစ်ကြီးနားတွင် ဇွန် ၁ ရက်က ၂၄၈ စင်တီမီတာရှိ၍ ဇွန် ၂ ရက်တွင် ၄၀၂ စင်တီမီတာသို့ ရောက်ရှိလာကြောင်း၊ မန္တလေးတွင် ဇွန် ၁ ရက်က ၄၉၆ စင်တီမီတာရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မကွေးရေလမ်းအကောက်စခန်းစတင်ဖွင့်မည်

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ချောင်းရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာ ခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံချက်များချမှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေအပိုဒ် ၈၉ ပါ ပြဋ္ဌာန်းထားရှိချက်အရ ဧရာဝတီမြစ်ရေလမ်းကြောင်းတွင် သွားလာနေသည့် ရေယာဉ်များအား ရေလမ်းကြောင်းဖြတ်သန်းခများကို ကောက်ခံသွားရန် မကွေးရေလမ်းအကောက်စခန်းကို ၁၀-၆-၂၀၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည် ဖြစ်သည်။

ရေလမ်းကြောင်းအား အသုံးပြုသွားလာနေကြသော ရေယာဉ်များသည် အကောက်စခန်းများတွင် ရေလမ်းကြောင်း အသုံးပြုခများကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း မပျက်မကွက် ပေးဆောင်ကြရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ Website(www.dwir.gov.mm) တွင်လည်းကောင်း စုံစမ်းကြည့်ရှုနိုင်ပါကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။ **(ကြေးမုံ)**

# မြို့တွင်းလမ်း အဆင့်မြှင့်တင်

**ပေါက် ဇွန် ၃**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့်ဆောင်ရွက်သော ပေါက်မြို့ အောင်တံခွန် ရပ်ကွက် ဒေါ်ထပ်ကြီးလမ်းနှင့် အောင်ချမ်းသာရပ်ကွက်ရှိ တပင်ရွှေထီးလမ်း(၄၈၆ ပေ × ၁၂ ပေ) ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်းမှာ ယခင်ကကျောက်ချောလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် သွားလာမှု အခက်အခဲရှိပြီး ကတ္တရာလမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ရာသီမရွေးသွားလာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**


နေပြည်တော် ဖုန်း - 251277 251268 | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | ၅.၆.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ




ရွှေဆောင်(၁) ၀၁-၂၅၂၁၃၃ ၀၁-၃၈၈၀၃၄ | မင်္ဂလာ(၁) | မင်္ဂလာ(၂) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ



# ဖီဖာဥက္ကဋ္ဌ ဘလတ္တာကို အမေရိကန် စုံစမ်းစစ်ဆေးပြီ

**ဝါရှင်တန် ဇွန် ၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အတွင်း အဂတိလိုက်စားမှုအရှုပ်တော်ပုံများကို ဖော်ထုတ်လျက်ရှိရာတွင် ကဏ္ဍတစ်ရပ်အဖြစ် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကို ဝါရှင်တန်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်မီဒီယာများက ယနေ့ဖော်ပြသည်။

အသက် (၇၉)နှစ်ရှိပြီဖြစ်သည့် မစ္စတာ ဘလတ္တာက ဖီဖာဥက္ကဋ္ဌရာထူးမှ နုတ်ထွက်မည်ဟု ကြေညာပြီးနောက် နာရီပိုင်းအတွင်းမှာပင် အဆိုပါသတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်တွင် အဂတိလိုက်စားမှုပြုလုပ်ခဲ့ကြသည်ဟု စွဲချက်တင်ခံထားရသော ၁၄ ဦးပါအုပ်စုမှ ဖီဖာအရာရှိ ခုနစ်ဦးကို ဆွစ်ဇာလန်နိုင်ငံတွင် ဖမ်းဆီးလိုက်ရာ အမေရိကန်အစိုးရရှေ့နေများက ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုကို စတင်ခဲ့သည်။

ယင်းသို့ ဖမ်းဆီးမှုများ ပြုလုပ်ပြီးနောက် နှစ်ရက်အကြာတွင်ကျင်းပသော ဖီဖာကွန်ဂရက်၌ မစ္စတာဘလတ္တာသည် ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခြင်းခံရသည်။

သို့သော် ၎င်းအားပေးအပ်သော လုပ်ပိုင်ခွင့်သည် ကမ္ဘာတစ်ဝန်းရှိ လူတိုင်းက ထောက်ခံသည်ဟု မမြင်ကြောင်း ဇွန် ၂ ရက်တွင် ပြောကြားခဲ့သည်။ ဖီဖာအဖွဲ့ကြီးကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် လိုအပ်သည်ဟုလည်း ပြောခဲ့သည်။

ဥက္ကဋ္ဌအသစ်ရွေးချယ်ရေးအတွက် သာမန်ထက်ထူးကဲသော ကွန်ဂရက်ကျင်းပရန် ခေါ်ဆိုခြင်းမပြုမီကာလအတွင်း ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်မည်ဟု ဘလတ္တာက ပြောသည်။




ရွေးချယ်ပွဲကျင်းပမည့်ရက်ကို သတ်မှတ်ခြင်းမပြုရသေးသော်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၁၆ ခုနှစ် မတ်လအတွင်း ဖြစ်ဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

# ဆူမားတြားကျွန်းရှိ ဆင်နာဘန်းမီးတောင်လှုပ်ရှား၊ ဒေသခံများကို ဘေးကင်းရာသို့ ရွှေ့ပြောင်း

**ဂျကာတာ ဇွန် ၃**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းရှိ ဆင်နာဘန်းမီးတောင် လှုပ်ရှားနေမှုကြောင့် မီးတောင်ဘေးအန္တရာယ် သတိပေးချက်ကို ထုတ်ပြန်ထားပြီး ယင်းမီးတောင်၏ တောင်စောင်းများ တစ်လျှောက် နေထိုင်သူ လူ ၆၀၀၀ ခန့်ကို အာဏာပိုင်များက ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

မီးတောင်ထိပ်ဝ၌ တည်ရှိနေသော ချော်ရည်ပမာဏမှာ ကုဗမီတာ သုံးသန်းကျော်အထိ မြင့်တက်လာခဲ့ပြီး မီးတောင်မှာ လှုပ်ရှားနေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မီးတောင်ထိပ်ဝ ပွင့်ထွက်ကာ ချော်ခဲများနှင့် ပြာမှုန်များကို မှုတ်ထုတ်နိုင်ကြောင်း၊ မီးတောင်၏ အရှေ့တောင်ဘက်အရပ်ဆီသို့ ခုနစ်ကီလိုမီတာအကွာအဝေးအထိ ချော်ရည်များ စီးဆင်းလာနိုင်ကြောင်း အဆိုပါအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ပါရိုနုဂရိုဟိုက ပြောကြားသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက ဆင်နာဘန်း မီးတောင်ပေါက်ကွဲခဲ့ရာတွင် ၁၆ ဦး သေဆုံးခဲ့ရသည်။ ယင်းမီးတောင်သည် ၂၀၁၀ ပြည့်နှစ်စက်တင်ဘာလမှစ၍ လှုပ်ရှားမှုများ စတင်ဖြစ်ပေါ်ခဲ့သည်။

နှစ်ပေါင်း ၄၀၀ ခန့်မျှ ငြိမ်သက်နေခဲ့သော မီးတောင်သည် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လတွင် ပထမဆုံးအကြိမ် ပေါက်ကွဲခဲ့သည်။ **ဆင်ဟွာ။**



၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက ဆင်နာဘန်း မီးတောင်ပေါက်ကွဲပုံကို တွေ့ရစဉ်။

# တာဂျစ်ရဲတပ်ဖွဲ့မှ အကြီးအကဲတစ်ဦးကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ဖမ်းဝရမ်းထုတ်

**အယ်လ်မတီ ဇွန် ၃**

တာဂျစ္စတန်နိုင်ငံက အိုင်အက်စ်အဖွဲ့နှင့်ပူးပေါင်းသွားပြီဖြစ်သည့် အထူးရဲတပ်ဖွဲ့မှ ဗိုလ်မှူးကြီး ဂူလ်မူရော့ခါလီမော့ဗ်အား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် နိုင်ငံတကာတွင် ဖမ်းဝရမ်းထုတ်ပြန်ထားသည်ဟု အစိုးရရှေ့နေများက ဇွန် ၃ ရက်တွင် ပြောကြားသည်။

အမေရိကန်တို့ လေ့ကျင့်သင်ကြားပေးထားသော OMON ခေါ် တာဂျစ်ရဲတပ်ဖွဲ့မှ အကြီးအကဲ ဗိုလ်မှူးကြီးဂူလ်မူရော့ခါလီမော့ဗ်သည် ပြီးခဲ့သည့် ဧပြီလမှစပြီး သတင်းအစအနပျောက်နေခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ခါလီမော့ဗ်သည် အွန်လိုင်းဗီဒီယိုတစ်ခုတွင် အိုင်အက်စ်တို့ဝတ်ဆင်လေ့ရှိသည့် အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ပြီး ရိုင်ဖယ်သေနတ်ကိုဝှေ့ရမ်းပြကာ ရုရှားနှင့် အမေရိကန်တို့ကို စစ်ခင်းမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။

အသက် (၄၀)ရှိ ခါလီမော့ဗ်သည် နိုင်ငံတော်ပုန်ကန်မှုနှင့် ပင်လယ်ရပ်ခြားစစ်ဆင်ရေးများတွင် တရားမဝင်ပါဝင်ဆောင်ရွက်မှုအပါအဝင် ရာဇဝတ်မှုများကျူးလွန်ခဲ့သည့်အတွက် ၎င်းအားအလိုရှိနေကြောင်း တာဂျစ်အစိုးရရှေ့နေချုပ်ရုံး၏ ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

တာဂျစ္စတန်နိုင်ငံသည် ၁၉၉၂-၉၇ ခုနှစ်က လူထောင်ပေါင်းများစွာ သေဆုံးခဲ့သော ပြည်တွင်းစစ်ဖြစ်ပွားပြီးနောက်တွင် နိုင်ငံရေးမငြိမ်မသက်မှု အခြေအနေတွင် ရှိနေသည်။

နိုင်ငံတကာအကျပ်အတည်းဖြေရှင်းရေးပညာရှင်များအဖွဲ့က အရှေ့အလယ်ပိုင်းနိုင်ငံသား ၄၀၀၀ ခန့်မှာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့အတွက် တိုက်ပွဲများဆင်နွှဲနေသည်ဟု ခန့်မှန်းထားသည်။ **ရိုက်တာ။**

# တောင်ကိုရီးယားက ဒုံးကျည်နှစ်စင်း အောင်မြင်စွာ စမ်းသပ်ပစ်ခတ်

**ဆိုးလ် ဇွန် ၃**

တောင်ကိုရီးယားသည် မြောက်ကိုရီးယားနိုင်ငံတစ်ဝန်းလုံးကို ပစ်ခတ်နိုင်သော ပြည်တွင်းဖြစ်ဒုံးကျည်နှစ်စင်းကို ယနေ့ အောင်မြင်စွာစမ်းသပ်ပစ်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယားနှင့် ဒုံးကျည်စွမ်းရည် တိုးတက်လာစေရန် စမ်းသပ်မှုများ ပြုလုပ်နေခြင်းအတွက် တောင်နှင့်မြောက် နှစ်နိုင်ငံအကြား ရန်လိုမှုများ ဆက်လက်ဖြစ်ပေါ်နေစဉ်တွင် ယခုကဲ့သို့ စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

မိုင် ၃၀၀ ကျော်အကွာအဝေးထိ ရောက်ရှိနိုင်သည်ဆိုသော ယင်းဒုံးကျည်များကို နိုင်ငံတောင်ပိုင်းရှိ ပစ်စင်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဆိုလ်းကာကွယ်ရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောသည်။

သမ္မတရုံးမှ ထွက်ပေါ်လာသော သတင်းများအရ သမ္မတ ပွဲခ်ဂွန်ဟေးသည် အဆိုပါဒုံးကျည် စမ်းသပ်ပစ်ခတ်ခြင်းကို သွားရောက်ကြည့်ရှုခဲ့သည်။

တာဝေးပစ်ဒုံးကျည်နှင့် နျူကလီးယားစမ်းသပ်မှုများကြောင့် ပြင်းထန်စွာ အရေးယူခြင်းခံရလျက်ရှိသည့် မြောက်ကိုရီးယားနိုင်ငံထံမှ ချက်ချင်းတုံ့ပြန်မှုများကို မတွေ့ရသေးပေ။ ၎င်းတို့က အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားတို့၏ စစ်ရေးလေ့ကျင့်မှုနှင့် စမ်းသပ်မှုများသည် ၎င်းတို့ကို တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်ဟု ပြောသည်။

၂၀၀၂ ခုနှစ်တွင် တောင်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စုနှင့် စာချုပ်တစ်ခုချုပ်ဆိုခဲ့ရာ ယင်းစာချုပ်အရ ပြုံယမ်း၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို ပိုမိုရင်ဆိုင်နိုင်ရန် ဆိုးလ်က တာဝေးပစ်ဒုံးကျည်များ ပိုင်ဆိုင်ခွင့်ရရှိခဲ့သည်။

ဒုံးကျည်တစ်စင်းကို ရေငုပ်သင်္ဘောမှ အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ကြောင်း ပြုံယမ်း၏ ကြေညာချက်က တောင်ကိုးရီးယား ပြည်သူများ၏ လုံခြုံရေးအတွက် ရတက်မအေးဖြစ်စေခဲ့သည်။ **ရိုက်တာ။**



# တရုတ်သင်္ဘောသုံးစင်း ဆင်ကာကူကျွန်းဝန်းကျင်ရှိ ဂျပန်ရေပိုင်နက်သို့ ကျူးကျော်ဝင်ရောက်

**နာဟာ ဇွန် ၃**

တရုတ်သင်္ဘောသုံးစင်းသည် ဇွန် ၃ ရက် နံနက်က အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဆင်ကာကူကျွန်းစုအနီး ဂျပန်ရေပိုင်နက်သို့ ဝင်ရောက်လာခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ဇွန် ၃ ရက် နံနက် ၁၀ နာရီခွဲခန့်က ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း တရုတ်သင်္ဘောများ ကျူးကျော်ဝင်ရောက်မှုမှာ (၁၆) ကြိမ်မြောက်ရှိပြီဖြစ်သည်။ တရုတ်ကမ်းခြေစောင့်သင်္ဘောများမှာ ဂျပန်နိုင်ငံက ထိန်းချုပ်ထားသည့် ရေပိုင်နက်ဝန်းကျင်သို့ နောက်ဆုံးအကြိမ် ဝင်ရောက်လာမှုမှာ မေ ၂၈ ရက်ကဖြစ်သည်။ တရုတ်နှင့် တရုတ်တိုင်ပေ နှစ်နိုင်ငံလုံးက ဒိုင်အိုယုနှင့် တိုင်အိုယုတိုင်ဟု အသီးသီးခေါ်ဆိုကြသည့် အဆိုပါကျွန်းစုကို ပိုင်ဆိုင်ကြောင်း အခိုင်အမာတောင်းဆိုကြသည်။ ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံက အဆိုပါကျွန်းစုကို ဂျပန်နိုင်ငံသားတစ်ဦးထံမှဝယ်ယူ၍ နိုင်ငံပိုင်ပြုလုပ်ပြီးနောက် တရုတ်နိုင်ငံက ကျွန်းစုများပိုင်ဆိုင်ကြောင်း တောင်းဆိုမှုကို အရှိန်မြှင့်လာခဲ့သည်။

ဂျပန်ရေပိုင်နက်အတွင်းမဝင်ရောက်မီ ကပ်လျက်ရှိနေသည့် ဇုန်တစ်လျှောက်၌ ရွက်လွှင့်နေသည်ကိုတွေ့ရှိသောအခါ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်ရေယာဉ်တစ်စင်းက ဟိုင်ဂျင် ၂၁၆၆၊ ၂၃၀၅ နှင့် ၂၃၀၈ ဟုခေါ်ဆိုသည့် တရုတ်စစ်သင်္ဘောများကို ရေပိုင်နက်မှ ထွက်ခွာသွားရန် သတိပေးခဲ့သည်။ အိုကီနာဝါစီရင်စုရှိ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့၏အဆိုအရ အဆိုပါသင်္ဘောသုံးစင်းအနက် တစ်စင်းက ဒိုင်အိုယုကျွန်းစုမှာ တရုတ်နိုင်ငံ၏ ရှိရင်းစွဲပိုင်နက်နယ်မြေဖြစ်သဖြင့် ပတ်ဝန်းကျင်ပင်လယ်မှာ တရုတ်ရေပိုင်နက်သာဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ဟု သိရသည်။ **ကျိုဒိုနယူးစ်။**

# ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် မှန်ကန်မျှတစွာ ပြောဆိုပြုမူဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံ

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ မစ္စတာ ဘန်ကီမွန်းထံသို့ ယနေ့ရက်စွဲဖြင့် စာတစ်စောင်ပေးပို့သည်။ အဆိုပါ ပေးစာအပြည့်အစုံအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**နေပြည်တော်**

**၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်**

**သို့**

**မစ္စတာ ဘန်ကီမွန်း**
**ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်**
**ဥက္ကဋ္ဌ**
**ကုလသမဂ္ဂလုံခြုံရေးကောင်စီ**

၁။ ဒီမိုကရေစီနိုင်ငံထူထောင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် မှန်ကန်မျှတစွာ ပြောဆိုပြုမူဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

၂။ ယခုအခါ လူကုန်ကူးခြင်းကိစ္စ၊ လှေစီးသွားလာသူများကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုများ မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံအတွင်း လူမျိုးစုအရေးပဋိပက္ခများ မကြီးထွားစေရန် ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အထူးအလေးပေးစေလိုပါသည်။

၃။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့လုံခြုံရေးနှင့်တည်ငြိမ်ရေးကိုဦးတည်ပြီး နိုင်ငံတကာအသိုက်အဝန်းက ပြဿနာများအား ဓမ္မဓိဋ္ဌာန်ကျကျဖြေရှင်းရေးကို အဓိကထားကာ ဘက်လိုက်မှုကင်းစွာဖြင့် ချဉ်းကပ်ရန် လိုပါသည်။

၄။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ပိုမိုခိုင်မြဲစေရန် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် မြန်မာတိုင်းရင်းသားများ၏ စရိုက်လက္ခဏာများကိုပါ ထည့်သွင်းစဉ်းစားပြီး အဘက်ဘက်မှ အပြုသဘောဆောင်ရွက်ပေးခြင်းဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာမြင့်တင်နိုင်ကြပါစေ။

**တည်ကြည်ဖြောင့်မတ်စွာဖြင့်**

**သူရဦးရွှေမန်း**
**ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်**
**နာယက၊ ပြည်ထောင်စုလွှတ်တော်**

❍ **ဘေးလ်မှ**

ခေါ်ယူရန် လွယ်ကူဖွယ်မရှိဘဲ ဂါရတ် ဘေးလ်အား ဥရောပအင်အားကြီး ကလပ်အသင်းကြီး တစ်သင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းမှ စောင့်ကြည့်နေ သလို ဗာရာနီကိုလည်း ချယ်လ်ဆီး၊ အာဆင်နယ် စသည့်အသင်းများကပါ စိတ်ဝင်တစား အပြိုင်ကမ်းလှမ်းနေ ခြင်းဖြစ်သည်။ ထို့ကြောင့် မန်ယူ အသင်းအနေဖြင့် အသင်း၏ ကာလ ရှည် ပစ်မှတ်ဖြစ်သလို ဒေ့ါမွန်အသင်း မှ ထွက်ခွာရန် ရေပန်းစားနေသည့် ဟမ်းမဲလ်ကို ပြန်လည်ချိန်ရွယ်နေပြီး နွေကာလတွင် ၎င်း (သို့မဟုတ်) ဗာရာနီ စသည့် ထိပ်တန်းနောက်ခံလူ တစ်ဦးကို မဖြစ်မနေခေါ်ယူသွား မည်ဖြစ်ကြောင်း အသင်း၏ ဝက်ဘ် ဆိုက်တွင် တရားဝင်ဖော်ပြခဲ့သည်။ ထို့ပြင် ဗန်ဟားလ်အနေဖြင့် နွေရာသီ ကာလတွင် နာမည်ကျော်ကစားသမား အများစုကို ပေါင်သန်း ၂၀၀ ဝန်းကျင် ခန့်သုံးစွဲ၍ ခေါ်ယူရန် ပစ်မှတ်ထား နေကြောင်း သတင်းများထွက်ပေါ် နေပြီး ဂိုင်တန်၊ ရှဝိန်းစတိုင်ဂါ၊ နိုင်ဂိုလန်၊ ဂန်ဒိုဂန် စသည့် ကစား သမားများမှာ ဗန်ဟားလ်၏ ပစ်မှတ် စာရင်းတွင် ထိပ်ဆုံးမှ ပါဝင်လျက်ရှိ ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြ ခဲ့ကြသည်။ **(ကိုရဲ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

# သံအမတ်ကြီး ဦးသစ်လင်းအုန်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၄

မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင် အူလန်ဘာတာမြို့၌ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်ဘက်ဒေါ့ချ်ဆာခီယာဂျင်ထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူ့ဘောင်သစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၁၄/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်)**
**လူ့ဘောင်သစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း(၉၁ လမ်းထိပ်)၊ အမှတ်(၁၀၆/၁၀၈)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၅)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး မိဘပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ပေး

**ပညာရေးဝန်ကြီးဌာနသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကို ၂၀၁၅ ခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးအတွက် သန်းခေါင်စာရင်းနှင့် တိုက်ဆိုင်စိစစ်ပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေရေးလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-**

❁ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၅ ခုနှစ် မေ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းသန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြားဦးရေစာရင်းကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ကောက်နုတ်ပြုစုပြီး ကျောင်းအပ်နှံရန် ကျန်ရှိနေသောကလေးများ တစ်ယောက်တလေမကျန်စေရဘဲ ကျောင်းအပ်နှံရေး။

❁ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များသည် ရပ်ကွက်၊ ကျေးရွာအလိုက် မူလတန်းကျောင်းအုပ်နှင့် ဆရာဆရာမများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များပူးပေါင်းပြီး ထပ်ဆင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံးဆောင်ရွက်ရေး။

❁ ကျောင်းအပ်နှံရေး ရက်သတ္တပတ်နှင့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက သန်းခေါင်စာရင်းအရ ကျောင်းအပ်နှံရမည့် အသက်အပိုင်းအခြားဦးရေနှင့် အမှန်တကယ် ကျောင်းအပ်နှံသည့်ဦးရေတို့ကို နှိုင်းယှဉ်ပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်း တွက်ချက်ရေး။

❁ အစိုးရကျောင်းများတွင် အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်းကောက်ယူပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ် တွက်ချက်ရေး။

❁ ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေ ကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍ အခက်အခဲနှင့် အချက်အလက်များကောက်ယူပြီး (Non Formal Education) ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တို့ ပေါင်းစပ်လျက် လူတိုင်းစာတတ်မြောက်ရေးအစီအစဉ် ဆောင်ရွက်ရေး။

❁ အတန်းအလိုက် အတန်းပြီးမြောက်မှုနှုန်းနှင့် အတန်းအလိုက် အတန်းကူးပြောင်းမှုနှုန်း ခြားနားမှုများကိုတွက်ချက်ပြီး ကျောင်းမနေနိုင်သည့် အခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လေ့လာသုံးသပ်၍ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့သည် ကျောင်းပြင်ပပညာရေး (Non Formal Education) နှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) တို့ကို အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်သင်ကြားလေ့ကျင့်နိုင်ရန် စီမံဆောင်ရွက်ရေး။

❁ အခြေခံအဆင့်အလိုက် ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရန်အတွက် တစ်နိုင်ငံလုံးအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများကို ဖွင့်လှစ်ထားရှိရာ မိမိတို့၏ ပညာအရည်အချင်းအရ ရွေးချယ်တက်ရောက်နိုင်ပါသဖြင့် သက်ဆိုင်ရာပညာရေးမှူးရုံးများနှင့် ဆက်သွယ်သင်ယူနိုင်ရေးတို့အတွက်

မိဘပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ကျောင်းဖွင့်စ ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းတို့ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်လျှင် မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် ပညာရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရပ်ကွက်(၃) ဟိုခုံရပ် တာချီလိတ်လမ်း အမှတ်(၁/က)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဒေသတွင်း စီးပွားရေးအခြေခံကောင်းများကို အသုံးချပြီး စီးပွားရေးတိုးတက်စေရန်နှင့် လူနေမှုဘဝမြင့်မားလာစေရန် ရည်ရွယ်ကျင်းပသည့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးနှင့် ထိုင်းနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပမည်ဖြစ်သည်။**

**အဆိုပါအစည်းအဝေးများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်ကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်-**


ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်။

**မေး။ ။CLMV အစည်းအဝေးကျင်းပရတဲ့ ရည်ရွယ်ချက်နဲ့ ဘယ်လိုစတင်ကျင်းပဖြစ်ခဲ့တယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။CLMV ဆိုတာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် လေးနိုင်ငံပါတဲ့ အစည်းအဝေးဖြစ်ပါတယ်။ CLMV, ACMECS လို့လည်း အတိုကောက်ခေါ်ပါတယ်။ ဒီအက်မက်စ်ရဲ့အရှည်က ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ACMECS ဖြစ်ပါတယ်။ CLMV က ဒေသရဲ့ စီးပွားရေးအခြေခံကောင်းတွေကို အသုံးချပြီး ဒီဒေသလေးခုမှာ စီးပွားရေးတိုးတက်လာအောင် နောက်ပြီးတော့ ဒီဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝတိုးတက်လာအောင် ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။

CLMV ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ်မှာပဲ လာအိုမှာ စပြီးတော့ကျင်းပပါတယ်။ ၂၀၀၄ ခုနှစ်မှာ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားမှာ ကျင်းပခဲ့ပါတယ်။ ထိပ်သီးအစည်းအဝေးကို နှစ်စဉ်မကျင်းပဖြစ်ဘဲ ၂၀၀၇ ခုနှစ်မှာမှ ဖိလစ်ပိုင်နိုင်ငံမှာ အာဆီယံထိပ်သီးအစည်းအဝေးကျင်းပနေတဲ့ အချိန်မှာပဲ ဒီ CLMV အစည်းအဝေးကိုကျင်းပခဲ့ပါတယ်။ အဲဒီအချိန်အထိ CLMV မှာ ဗီယက်နမ်နိုင်ငံ မပါသေးပါဘူး။ CLM ပါ။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာပဲ ပါသေးတယ်။

တတိယအကြိမ်အစည်းအဝေးကိုတော့ ဖိလစ်ပိုင်မှာလုပ်ပေမယ့် ကျွန်တော်တို့မြန်မာက သဘာပတိအဖြစ် ကျင်းပနိုင်ခဲ့ပါတယ်။ စတုတ္ထအကြိမ် CLMV အစည်းအဝေးကိုတော့ ၂၀၀၈ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ ဗီယက်နမ်ပါလာပြီးတော့ ဗီယက်နမ်နိုင်ငံမှာပဲ ကျင်းပပါတယ်။ ပဉ္စမအကြိမ်ကို ၂၀၁၀ ခုနှစ်က ကမ္ဘောဒီးယားမှာ ပြန်ပြီးကျင်းပပါတယ်။ အဲဒီက စပြီးတော့ ပုံမှန် နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဆဋ္ဌမအကြိမ်မြောက်ကိုတော့ ၂၀၁၂ ခုနှစ် လာအိုမှာ ကျင်းပရမှာဖြစ်ပေမယ့်လည်း အဆင်မပြေတဲ့အတွက် ၂၀၁၃ ခုနှစ်မှ ကျင်းပဖြစ်ခဲ့ပါတယ်။ အခု ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကျင်းပမှာဖြစ်ပါတယ်။

**မေး။ ။ဘယ်လိုကဏ္ဍတွေကို အဓိကထားဆွေးနွေးသွားမယ်ဆိုတာလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ဒီ CLMV မှာ ကျွန်တော်တို့က ကဏ္ဍကြီး (၈)ရပ်ကို ဦးစားပေးကဏ္ဍအနေနဲ့ သတ်မှတ်ထားပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ သတင်းနဲ့နည်းပညာအချက်အလက် ပူးပေါင်းဆောင်ရွက်ရေး နောက်ပြီးတော့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုပြီး ဖြစ်ပါတယ်။

**မေး။ ။လေးနိုင်ငံပါဝင်မှာဆိုတော့ ဘယ်နိုင်ငံတွေက ဘယ်ကဏ္ဍတွေကို ဦးဆောင်ဆွေးနွေးသွားမှာလဲ သိချင်ပါတယ်။**

ဖြေ။ ။ကဏ္ဍကြီး(၈)ခုမှာ အဖွဲ့ဝင်(၄)နိုင်ငံက ဘယ်ကဏ္ဍမှာ ဦးဆောင်သွားမယ်ဆိုတာကို သတ်မှတ်ထားပြီး ဘယ်နိုင်ငံက ဘယ်ကဏ္ဍကို ဦးဆောင်ပါဆိုပြီး ကဏ္ဍလေးတွေပြန်ခွဲထားပါတယ်။ ကမ္ဘာလှည့်ခရီးသွားကဏ္ဍကို ကမ္ဘောဒီးယားက ဦးဆောင်တယ်။ ပို့ဆောင်ရေးကဏ္ဍကိုတော့ လာအို၊ မြန်မာနိုင်ငံအနေနဲ့ကတော့ စိုက်ပျိုးရေး၊ စက်မှုနဲ့ စွမ်းအင်ကဏ္ဍ(၃)ခုမှာ ဦးဆောင်ပါတယ်။ ဗီယက်နမ်နိုင်ငံက ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှု၊ ကျန်တဲ့ကဏ္ဍတွေပါ။ သတင်းနဲ့နည်းပညာအချက်အလက်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍတွေမှာ ဗီယက်နမ်နိုင်ငံက တာဝန်ယူပါတယ်။ ၂၀၁၃ ခုနှစ်မှာပဲ အာဆီယံအစည်းအဝေးမှာ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနဲ့ မြန်မာတို့ တိုင်ပင်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အက်မက်စ်လို့ခေါ်တဲ့ လေးနိုင်ငံ ထိပ်သီးအစည်းအဝေး ကျင်းပဖို့ ဖြစ်ခဲ့ပါတယ်။

**မေး။ ။အက်မက်စ်(ACMECS)လို့ ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။အက်မက်စ်လို့ ခေါ်တဲ့အကြောင်းရင်းက ကိုယ့်နိုင်ငံမှာရှိတဲ့ ထင်ရှားတဲ့ မြစ်ကြီးတွေဖြစ်တဲ့ မြန်မာပြည်က ဧရာဝတီ၊ ထိုင်းက ကျောက်ဖယားနဲ့ ကမ္ဘောဒီးယား၊ လာအိုတို့က မဲခေါင်မြစ်တို့ ရှိပါတယ်။ အဲဒီမြစ်သုံးသွယ်ကို ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာရေးဆွဲမယ်ဆိုပြီး ACMECS ဆိုပြီး အတိုကောက်အမည်နဲ့ လေးနိုင်ငံ စတင်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းကတော့ ဗီယက်နမ်က မပါသေးဘူး။ ပထမဆုံးအစည်းအဝေးကို မြန်မာနိုင်ငံ ပုဂံမြို့မှာ ၂၀၀၃ ခုနှစ်မှာ ကျင်းပဖြစ်ပါတယ်။ အဲဒီ ပထမဆုံး အစည်းအဝေးမှာတော့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာချဖို့အတွက်ကို လုပ်ငန်းစီမံချက်(Action Plan) တစ်ခုကို ကျွန်တော်တို့က ချခဲ့တဲ့အပြင် (Bagan Declaration) ဆိုပြီးတော့ ကျွန်တော်တို့ ကြေညာချက်တစ်ရပ်ကိုထုတ်ပြန်ပါတယ်။ အဲဒီကစပြီး ဒီအစည်းအဝေးတိုင်းမှာ ကြေညာချက်တစ်ခုထုတ်တယ်။ နောက်ပြီး စီးပွားရေးမဟာဗျူဟာ လုပ်ငန်းစီမံချက်တစ်ရပ်ကို ချခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ မြန်မာနိုင်ငံ၊ ၂၀၀၅ ခုနှစ်မှာ ထိုင်းနိုင်ငံ၊ ၂၀၀၈ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံ၊ ၂၀၁၀ မှာ ကမ္ဘောဒီးယားနိုင်ငံနဲ့ ၂၀၁၃ ခုနှစ်မှာ လာအိုနိုင်ငံမှာ ကျင်းပခဲ့ပါတယ်။ မူလတုန်းက CLMV က သူ့လမ်းကြောင်းနဲ့သူ ထိပ်သီးအစည်းအဝေးလုပ်တယ်။ ဒီ ACMECS ကလည်း သူ့လမ်းကြောင်းနဲ့သူ ကျင်းပပေမယ့် နောက်ပိုင်းမှာ ACMECS, CLMV ထိပ်သီးအစည်းအဝေးနှစ်ခုကို တစ်တွဲတည်း၊ တစ်ပြိုင်တည်းကျင်းပမယ်ဆိုပြီး ၂၀၀၈ ခုနှစ်ကစပြီး နှစ်ခုပေါင်း ကျင်းပခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ CLMV ရော ACMECS ရော ထိပ်သီးအစည်းအဝေးနှစ်ခုကို တစ်တွဲတည်း သက်ဆိုင်ရာနိုင်ငံတွေက ဆက်လုပ်သွားတယ်။ ဗီယက်နမ်ကစပြီးတော့ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို အခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်တွဲတည်း နှစ်ခုလုပ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ACMECS မှာရော ဘယ်လိုကဏ္ဍတွေကို ထည့်သွင်းဆွေးနွေးမှာလဲ။**

ဖြေ။ ။CLMV မှာလိုပဲ ACMECS မှာလည်း ပူးပေါင်းဆောင်ရွက်မယ့် ကဏ္ဍကြီး (၈)ခုခွဲထားပါတယ်။ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနဲ့ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ပြည်သူ့ကျန်းမာရေးနဲ့ လူမှုဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုပြီး ကဏ္ဍကြီးတွေ ခွဲထားပါတယ်။ CLMV မှာလိုပဲ ဒီကဏ္ဍတွေနဲ့ပတ်သက်ပြီးတော့ ဦးဆောင်မယ့်နိုင်ငံတွေ သတ်မှတ်ထားတာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ စိုက်ပျိုးရေးနဲ့ စက်မှုစွမ်းအင်ကဏ္ဍကို တာဝန်ယူထားပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ကတော့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လာအိုနိုင်ငံက ပို့ဆောင်ရေးကဏ္ဍ၊ ကမ္ဘောဒီးယားက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ ဗီယက်နမ်နိုင်ငံက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍကို တာဝန်ယူထားပါတယ်။

**မေး။ ။ဘယ်လို ထုတ်ပြန်ချက်တွေ ထုတ်ပြန်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ထိပ်သီးအစည်းအဝေးနှစ်ခုမှာ အဓိက ကျွန်တော်တို့ စာတမ်းသုံးခုထုတ်ဖို့ရှိပါတယ်။ CLMV ကတော့ ပူးတွဲကြေညာချက် (joint statement) ထုတ်လေ့ရှိပါတယ်။ ACMECS ကတော့ နှစ်ခုထုတ်မှာဖြစ်ပါတယ်။ ကြေညာချက်တစ်ခုထုတ်မယ်၊ လုပ်ငန်းစီမံချက်တစ်ခု ထုတ်မှာဖြစ်ပါတယ်။ ထုတ်ပြန်မယ့် စာတမ်းသုံးခုအတွက်တော့ သက်ဆိုင်ရာနိုင်ငံတွေရော ပြည်တွင်းမှာရှိတဲ့ ဌာနတွေရော ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ အဓိကတော့ ဒေသတွင်းနိုင်ငံတွေ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ဖို့ဖြစ်ပါတယ်။ နှစ်နှစ်တစ်ကြိမ် ကျင်းပခြင်းအားဖြင့် ဒီဒေသတွင်းနိုင်ငံတွေရဲ့ စီးပွားရေးအခြေခံကောင်းတွေကို ဖော်ထုတ်ပြီး စီးပွားရေးအခြေခံကောင်းတွေ အသုံးပြုပြီးတော့ ဒီနိုင်ငံတွေရဲ့ လူမှုရေး၊ စီးပွားရေး မြှင့်တင်ပေးဖို့နဲ့ ဒီမှာရှိတဲ့ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးဖို့အတွက် ဖြစ်ပါတယ်။

**မေး။ ။အစည်းအဝေးမှာ ဘယ်လိုအစီအစဉ်တွေ ပါဝင်မယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ။ACMECS နဲ့တွဲပြီးတော့ မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်းက ဦးဆောင်ပြီး ဖိုရမ်တစ်ခု ကျင်းပသွားမှာဖြစ်ပါတယ်။ ဖိုရမ်ဖွင့်ပွဲမှာ CLMV နဲ့ ACMECS က ခေါင်းဆောင်တွေ တက်ရောက်ပြီး မိန့်ခွန်းပြောမှာဖြစ်ပါတယ်။ CLMV နဲ့ ACMECS က လုပ်ငန်းစီမံချက်တွေက ဒီဖိုရမ်နဲ့ ဆက်စပ်မှုရှိပါတယ်။ ဒါကြောင့် အခုစပြီး ကျွန်တော်တို့ မြန်မာနိုင်ငံက သက်ဆိုင်ရာဝန်ကြီးဌာနတွေကို လိုအပ်ချက်တွေတောင်းထားပါတယ်။ အချက်အလက်တွေစုံရင်တော့ တခြားနိုင်ငံတွေကိုပါ ကျွန်တော်တို့ရဲ့စီမံချက်တွေကို ပို့ပေးပြီး သူတို့ဆီက အချက်အလက်တွေကိုထည့်ပေးလိုက်ရင် အစည်းအဝေးမစမီမှာ အစည်းအဝေးတစ်ခုခေါ်ပြီး ရလဒ်တစ်ခုထွက်လာအောင် အားလုံးရဲ့ ဆုံးဖြတ်ချက်ရယူမှာ ဖြစ်ပါတယ်။




အစည်းအဝေးမှာလည်း ယေဘုယျအားဖြင့်တော့ အဆင့်မြင့်အရာရှိနဲ့ ဝန်ကြီးအဆင့်ရှိမယ်။ ထိပ်သီးအစည်းအဝေးရှိမယ်။ CLMV မှာဆိုရင် CLMV အဆင့်မြင့်ရှိမယ်၊ ဝန်ကြီးအဆင့်ရှိမယ်၊ CLMV ထိပ်သီးရှိမယ်။ ACMECS မှာ အဆင့်မြင့်အရာရှိရှိမယ်၊ ဝန်ကြီးအဆင့်ရှိမယ်၊ ထိပ်သီးအစည်းအဝေးရှိပါမယ်။ ပြီးတော့ စီးပွားရေးဖိုရမ်တစ်ခု ရှိပါတယ်။ ဖိလစ်ပိုင်မှာတော့ အဲဒီအစည်းအဝေးနဲ့ တစ်ခါတည်းကျင်းပလိုက်ပြီးတော့ ကျွန်တော်က သဘာပတိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရတယ်။ ယေဘုယျအားဖြင့်တော့ တစ်တွဲတည်းတော့ ကျင်းပလေ့မရှိပါဘူး။ ၂၀၁၂ မှာ ကျင်းပရင် ၂၀၁၄ မှာ လုပ်ရမှာဖြစ်ပါတယ်။ လာအိုနိုင်ငံက ၂၀၁၂ ခုနှစ်မှာ မလုပ်ဖြစ်တော့ ၂၀၁၃ ရွှေ့သွားပြီး နှစ်နှစ်ဆိုတော့ အခု ၂၀၁၅ ကို ရောက်သွားတာဖြစ်ပါတယ်။

**မေး။ ။CLMV နဲ့ ACMECS ပူးပေါင်းကျင်းပဖြစ်ခဲ့ပုံကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။CLMV ကတော့ ၂၀၀၄ မှာမှ စပြီးကျင်းပခဲ့တာဖြစ်ပြီး ACMECS နဲ့ ၂၀၀၈ ခုနှစ်မှာ နှစ်ခုပေါင်း ကျင်းပဖြစ်ခဲ့တာဖြစ်ပါတယ်။ အာဆီယံနဲ့ဖွံ့ဖြိုးမှုကွာတဲ့ နှစ်အုပ်စုဆိုပြီး ကွဲတာဖြစ်ပါတယ်။ CLMV ကတော့ ဖွံ့ဖြိုးမှုနည်းသေးတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဒါကြောင့်လည်း ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေအနေနဲ့ ကိုယ့်ရဲ့ဖွံ့ဖြိုးမှုကို အရှိန်နဲ့တက်အောင်ဆိုပြီး အချင်းချင်းရိုင်းပင်းကူညီပြီးတော့ တိုးတက်အောင် ကျွန်တော်တို့ကြိုးစားနေတာ၊ ကြိုးစားနေဆဲ ဖြစ်ပါတယ်။ လောလောဆယ်မှာ ဖွံ့ဖြိုးမှုကွာဟချက် ရှိနေတုန်း ဖြစ်ပါတယ်။ ACMECS မှာတော့ ထိုင်းနိုင်ငံပါပြီဖြစ်ပါတယ်။ ဒေသငယ်လေးမှာရှိတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ၊ မဟာဗျူဟာတွေ ချကြရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့စပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ ပုဂံမှာ declaration စထုတ်ပြန်နိုင်ခဲ့ပါတယ်။ CLMV, ACMECS ကတော့ ပုဂံက စခဲ့တာဖြစ်ပါတယ်။

**မေး။ ။မကြာခင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဆိုပြီး ပေါ်လာတော့မှာဆိုတော့ ဘာတွေပြောင်းလဲသွားနိုင်ပါသလဲ။**

ဖြေ။ ။AEC ပေါ်လာပေမယ့်လည်း ယေဘုယျအားဖြင့်တော့ သိပ်ပြီးပြောင်းလဲသွားစရာတော့ မရှိသေးပါဘူး။ ဒီအာဆီယံကြီးတစ်ခုလုံးအနေနဲ့ အသိုက်အဝန်းတစ်ခုတည်းလိုဖြစ်လာမယ်ဆိုရင် ဖွံ့ဖြိုးမှုနည်းနေသေးတဲ့ နိုင်ငံတွေအနေနဲ့တော့ ကျန်တဲ့နိုင်ငံတွေနဲ့ တန်းတူရှိအောင် အဆင့်မီအောင် လိုက်စရာတွေ၊ လုပ်စရာတွေ အများကြီးရှိနိုင်သလို အခွင့်အရေးတွေလည်း ရစရာအများကြီး ရှိနိုင်ပါတယ်။ အလားတူပဲ သူတို့နဲ့မီအောင် ပြုပြင်စရာတွေလည်း အများကြီးရှိမှာပါ။ အာဆီယံလည်း တဖြည်းဖြည်းနဲ့ ဥရောပနိုင်ငံလိုပဲ ဖြစ်ချင်လည်းဖြစ်သွားနိုင်ပါတယ်။

**မေး။ ။အစည်းအဝေးကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့ ဘယ်လိုတွေ ပြင်ဆင်ဆောင်ရွက်နေပါသလဲ။ အခက်အခဲတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။အစည်းအဝေး အောင်အောင်မြင်မြင်ကျင်းပနိုင်အောင် ပြင်ဆင်ဆောင်ရွက်မှုတွေ လုပ်နေပါတယ်။ ထိပ်သီးအစည်းအဝေးနှစ်ခုကျင်းပဖို့အတွက် ဗဟိုဦးစီးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ မကြာခင်က ဗဟိုဦးစီးကော်မတီအစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အလားတူပဲ ကျွန်တော်တို့လုပ်ငန်းကော်မတီနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာဆပ်ကော်မတီလေးတွေ (၁၅)ခု ဖွဲ့ထားပြီး အစည်းအဝေးကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဆပ်ကော်မတီလေးတွေက သူ့လုပ်ငန်းစဉ်တွေနဲ့ သူတို့သတ်မှတ်ထားတဲ့ တာဝန်တွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့လည်း လုပ်ငန်းအောင်မြင်အောင် ပြင်ဆင်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။

အာဆီယံအစည်းအဝေးကြီးလည်း အောင်အောင်မြင်မြင်ကျင်းပခဲ့ပြီးပြီဆိုတော့ အတွေ့အကြုံရလိုက်ပါတယ်။ အာဆီယံမတိုင်ခင်လည်း ဘင်းမ်စတက်အစည်းအဝေး တစ်ခါလုပ်ဖူးတယ်။ ဘာပဲဖြစ်ဖြစ် အတွေ့အကြုံသုံးလေးခု ရှိထားပါတယ်။ အခုကတော့ အခြေခံအဆောက်အအုံတွေ၊ ဟိုတယ်တွေအပြင် အခုလို ကျင်းပရမယ့် MICC လို နေရာတွေလည်းရှိနေတယ်။ အခက်အခဲ မရှိပါဘူး။

CLMV ထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌လည်းကောင်း၊ ၂၀၁၃ ခုနစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌လည်းကောင်း ကျင်းပခဲ့သည်။

ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးများကို ပထမအကြိမ်အဖြစ် ၂၀၀၃ ခုနစ် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ကျင်းပခဲ့ပြီး ACMECS ၏ရှေ့လုပ်ငန်းစဉ်နှင့် ပုဂံကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ACMECS ၌ ဗီယက်နမ်နိုင်ငံ ပါဝင်လာရာ အဖွဲ့ဝင် (၅) နိုင်ငံရှိလာခဲ့ပြီဖြစ်သည်။

**သတင်းအဖွဲ့**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စုပေါင်းအဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ပေါင်း (၁၇)ချက်ကို ပြင်ဆင်ချက်တင်သွင်းထား



**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၄ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကျင်းပခဲ့သည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကက မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးအတည်ပြုရန် အစီအစဉ်ကို ခေတ္တရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။

လွှတ်တော်(၂)ရပ် သဘောကွဲလွဲသော စုပေါင်းအဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ယခုဥပဒေကြမ်းတွင် ပြင်ဆင်ချက်ပေါင်း (၃၁)ချက် ပါဝင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အချို့က ပြင်ဆင်ချက်ပေါင်း (၁၇)ချက်ကို ပြင်ဆင်ချက်တင်သွင်းထားပါကြောင်း၊ ယင်းပြင်ဆင်ချက်များတွင် ပြည်သူများအား တိုက်ရိုက်အကျိုးစီးပွားဖြစ်ထွန်းစေမည့်အချက်များ ပါဝင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကောင်းမွန်သည့် ဥပဒေတစ်ရပ် ဖြစ်ပေါ်စေရန် အချိန်အနည်းငယ်ပေးပြီး ညှိနှိုင်းဆောင်ရွက်ခွင့်ပြုနိုင်ရန် လွှတ်တော်သို့ တင်ပြခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံခြားငွေစျေးနှုန်း တစ်ခုနှင့်တစ်ခု များစွာကွာဟမှုမဖြစ်စေရန်နှင့် တရားမဝင်ငွေစျေးကွက် လျော့ပါးစေရန် ကြိုးစားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၇ ရက်မြောက်နေ့ကို ယနေ့ နံနက် (၁၀) နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **“တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရန်အတွက် စီမံဆောင်ရွက်ရာတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် လုံခြုံရေးထပ်မံတိုးချဲ့ရန်၊ တရားမဝင် တင်သွင်းလာသည့် အစားအစာများ၊ ဆေးဝါးများ သုံးစွဲခြင်းမပြုရန်နှင့် ကျန်းမာရေး အသိပညာပေးခြင်းကို ဦးစားပေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က Mobile Team လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊



ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်။

လေကြောင်းရဲတပ်ဖွဲ့များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

Mobile Team အဖွဲ့များ၏ လုံခြုံရေးအပြည့်အဝ ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ(၂၇)ဦး၊ အခြားအဆင့် (၉၈)ဦး စုစုပေါင်း (၁၂၅)ဦးကို နေရာဒေသ အခြေအနေအလိုက် ဖြန့်ခွဲတာဝန်ပေးအပ်ထားရှိပြီးဖြစ်ရာ Mobile Team အဖွဲ့များ တာဝန်ထမ်းဆောင်လျက်ရှိသည့် နေရာဒေသအခြေအနေများအတွက် လုံလောက်မှုတမှုရှိပါကြောင်း။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံကျသည့် စာသင်ကျောင်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဟောပြောပွဲများကျင်းပပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့် စျေးရောင်းချသူများကို ပညာပေးဆောင်ရွက်လျက်ရှိသည့်အပြင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ကျောင်းသားကျောင်းသူများနှင့် လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လိုက်နာနိုင်စေရန်အတွက် စားသောက်ကုန်၊ လူသုံးကုန်များအား ကွင်းဆင်းစစ်ဆေးပေးခြင်း၊ ပညာပေးဟောပြောမှုများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့် အသိပညာပေးဆောင်ရွက်လျက် ရှိကြောင်းဖြင့် ဖြေကြားသည်။



ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းဝင်း၏ **“မြန်မာနိုင်ငံတွင် ငွေကြေးလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည်ကို သိရှိခြင်း ရှိ၊ မရှိ၊ သိရှိပါက ထိုကဲ့သို့ ဖြစ်နေခြင်းသည် ကောင်းမွန်မှု ရှိ၊ မရှိနှင့် မရှိပါက မည်ကဲ့သို့ ပြုပြင်ဆောင်ရွက်မည်ကို သိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌ ဦးဆက်အောင်က မြန်မာနိုင်ငံတွင် မတူညီသော ငွေလဲလှယ်နှုန်းများရှိပြီး အခြားနိုင်ငံများကဲ့သို့ပင် တရားဝင်မဟုတ်သော စျေးကွက်လည်း ရှိနေပါကြောင်း၊ မတူညီသော စျေးနှုန်းတစ်ခုနှင့်တစ်ခုသည် အချို့အချိန်များတွင် ပိုမို၍ကွာဟပြီး အချို့အချိန်များတွင် ကွာဟမှုနည်းသည်ကို တွေ့ရပါကြောင်း။

၂၀၁၄ ခုနှစ်၌ ကမ္ဘာ့စီးပွားရေးလောကတွင် အမေရိကန်နိုင်ငံ၏ Federal Reserve Bank အနေဖြင့် ၎င်းတို့၏ အတိုးနှုန်းများကို တိုးမြှင့်သတ်မှတ်ရန် ဆောင်ရွက်ခြင်းနှင့် အမေရိကန်ဒေါ်လာစျေးနှုန်း ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်သည့် အချိန်မှစ၍ ဒေါ်လာစျေးနှုန်း သိသိသာသာမြင့်တက်ခြင်း၊ ဒေသတွင်းနိုင်ငံများတွင်လည်း နိုင်ငံအလိုက် ငွေကြေးစျေးတန်ဖိုးများ လျော့ကျလာခြင်းတို့ကြောင့် မြန်မာငွေကြေး ကျဆင်းလာပြီး စျေးနှုန်းများ အနည်းငယ် ပိုမိုကွာဟလာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတကာတွင်လည်း ဒေါ်လာစျေးတက်သဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ ငွေကြေးတန်ဖိုးများ ကျဆင်းခဲ့ပါကြောင်း။

မြန်မာငွေကြေးသည် လက်ရှိအမည်ခံငွေလဲလှယ်နှုန်းအရ ကျဆင်းလာသော်လည်း ငွေကြေးဖောင်းပွမှုထိန်းညှိပေးခြင်းကို ထည့်သွင်းစဉ်းစားထားသည့် အမှန်သက်ရောက်မှုရှိသော ငွေလဲလှယ်နှုန်းအနေဖြင့် (၁၀၀)အထက်တွင်ပင် ရှိနေသည့်အတွက် မြန်မာကျပ်ငွေ တန်ဖိုးသိသိသာသာ ကျဆင်းခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် နိုင်ငံခြားငွေစျေးနှုန်း တစ်ခုနှင့်တစ်ခု များစွာကွာဟမှု မဖြစ်စေရန်နှင့် တရားမဝင်ငွေစျေးကွက် လျော့ပါးစေရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏သဘောထားကိုရယူ၍ **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကျောင်းကားများ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံမည့်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းတို့ကို ပေးဆောင်ရမည်

**နေပြည်တော် ဇွန် ၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၇ ရက်မြောက်နေ့ကို ယနေ့နံနက် (၁၀)နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့နေမှုကို လျှော့ချနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် လုံခြုံစိတ်ချရေးအတွက် ကျောင်းကားများကို အခွန်ကောက်ခံခြင်းမပြုဘဲ တင်သွင်းခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိနှင့် အိမ်စီးယာဉ်များဖြင့် ကျောင်း ကြို/ပို့ခြင်းကို ပိတ်ပင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များအခွန်စည်းကြပ်ကောက်ခံရာ၌ ယာဉ်မောင်းအပါအဝင် ၁၀ ယောက်နှင့်အထက် စီးနင်းနိုင်သော ခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်များအား ခရီးသည်တင် ယာဉ်အုပ်စုတွင် ထည့်သွင်းသတ်မှတ်ပြီး အကောက်ခွန် ၃ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံလျက်ရှိပါကြောင်း။

ကျောင်းကားဟု သီးခြားသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်ပြုမည်ဆိုပါက အကောက်ခွန်ဦးစီးဌာနမှ စည်းကြပ်ကောက်ခံလျက်ရှိသော အကောက်ခွန် ၃ ရာခိုင်နှုန်းအား အထူးကိစ္စတစ်ရပ်အနေဖြင့် လျှော်ကြထားပါက ပင်လယ်ရေကြောင်းအကောက်ခွန် ဥပဒေပုဒ်မ ၂၃ နှင့် အကောက်ခွန်နှုန်းဥပဒေ အခန်း ၄ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း။



ဒေါက်တာမြတ်ညဏစိုး။

တည်ဆဲ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေနှင့် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများအရ ပြည်တွင်းအခွန်ဦးစီးဌာနက ကျောင်းကားများပြည်ပမှ တင်သွင်းခြင်းအတွက် ကောက်ခံမည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းတို့ကို ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

အခြေခံကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား အိမ်စီးယာဉ်များဖြင့် ကျောင်းကြိုပို့ခြင်းသည် ကျောင်းသား မိဘများ၏ သဘောဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်၍ ပိတ်ပင်ခြင်း၊ ခွင့်ပြုပေးခြင်းတို့ကို ညွှန်ကြားဆောင်ရွက်ရန် အစီအစဉ် မရှိပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။



ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း။

ယင်းအစီရင်ခံစာ၏ လေ့လာတွေ့ရှိချက်၌ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း မရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ကြောင်း ပါရှိသည်။

ထို့နောက် **ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ဆွေးနွေးကြရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



**ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်း**

❐ရှေ့ဖုံးမှ

သို့သော်လည်း ဒေသန္တရရင်းနှီးမြှုပ်နှံမှုအချို့တွင် ပေါင်းစပ်ညှိနှိုင်းမှုအပိုင်း၌ ဟာကွက်အချို့ ရှိနိုင်သည်။ ယခုလတ်တလော မြကျွန်းသာဥယျာဉ်စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူအချို့၏ အကြံပြုထောက်ပြမှုများ ပေါ်ထွက်လာခဲ့ရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)၏ မူဝါဒစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်းအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်-

**မေး။ ။ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အရင်အစိုးရ လက်ထက်မှာ နှစ်(၃၀)အထိသာ လုပ်ကိုင်ခွင့်ပေးခဲ့ပြီး အခုအစိုးရသစ်လက်ထက်မှာ နှစ်(၆၀)အထိ လုပ်ကိုင်ခွင့်ပြုတာ ဘယ်လိုရည်ရွယ်ချက်ပါလဲ။**

ဖြေ။ ။ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အခု ဥပဒေအသစ် ထွက်လိုက်တယ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေက ၂၀၁၂မှာ ထွက်တယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေက ၂၀၁၃ မှာ ထွက်တယ်။ ဒီဥပဒေနှစ်ရပ်လုံးကိုကြည့်ရင် ရင်းနှီးမြှုပ်နှံမှုကို အရင်တုန်းက ကနဦးမြေငှားရမ်းခွင့်လုပ်ငန်းတွေကိုလုပ်ကိုင်ရင် မြေငှားရမ်းခွင့်နဲ့ပတ်သက်ပြီး ပေးလိုက်တာဟာ အနှစ် ၃၀ ဆိုတာ ကျွန်မနားလည်တယ်။ မြေငှားပြီး အလုပ်လုပ်ရတာကြောင့် မူလက အနှစ် ၃၀ ပေးရတယ်၊ တိုးချဲ့ပြီးတော့ သက်တမ်းတိုးချင်ရင် ၁၅ နှစ် နှစ်ကြိမ် တိုးတိုးသွားတာ၊ ဒါဟာ အဟောင်း။ စောစောက ပြောတဲ့ ဥပဒေသစ်နှစ်ရပ်ထွက်ပြီးတဲ့အခါ ရင်းနှီးမြှုပ်နှံမှုရဲ့ လုပ်ငန်းအမျိုးအစား၊ ပမာဏပေါ်မှာမူတည်ပြီး ကနဦး မြေငှားတဲ့လုပ်ငန်းကို အခြေခံတာကြောင့် အရင်ဆုံး နှစ် ၅၀ ပေးတယ်။ အဲဒီနောက်မှာ လုပ်ငန်းရဲ့အပေါ်မှာ မူတည်ပြီး ဆက်လက်လုပ်ကိုင်လိုတယ်ဆိုရင် ၁၀ နှစ် နှစ်ကြိမ်ပေးတယ်။ ဒါက တစ်ဆက်တည်း သွားတယ်။ ကနဦး ၅၀ အပေါင်း ၁၀၊ အပေါင်း ၁၀ စုစုပေါင်း ၇၀ ပါ။ ကျွန်မတို့ ပြောချင်တာ နှစ် ၆၀ မဟုတ်ဘူး။ အခြားနေရာက ကျင့်သုံးတာလည်း ဖြစ်မယ်၊ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က မဟုတ်ပါဘူး။ ကော်မရှင်က ဥပဒေသစ်တွေမှာ ကနဦး ၅၀ တိုးချဲ့က ၁၀ နှစ်၊ ၁၀ နှစ် ဒါတွေအားလုံးက ကြိုတင်စည်းကမ်းသတ် မှတ်ချက်ရှိတယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား ပမာဏပေါ်မူတည်ပြီး ခွင့်ပြုခြင်းဖြစ်တယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒီဥပဒေနှစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားခြင်း ဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှုဟာ လုပ်ငန်းအမျိုးအစား၊ သဘာဝ၊ ပမာဏတွေအပေါ် မူတည်တာကြောင့် အချို့သော ရင်းနှီးမြှုပ်နှံမှုဟာ အချိန်တိုအတွင်း အကျိုးအမြတ်များတယ်။ တချို့ကတော့ အချိန်လိုအပ်တယ် (ဥပမာ -ဟိုတယ်)။ အရင်းကျေ လုပ်ငန်းသဘာဝကမတူတာပါသလို ရင်းနှီးမြှုပ်နှံမှုသဘာဝနဲ့ ကာလအပိုင်းအခြားမတူတာကြောင့် နှစ်ဦးနှစ်ဖက်အကျိုးရှိရမယ်။ လုပ်ငန်းကို ကြာကြာမြှုပ်နှံရင် ရင်းနှီးမြှုပ်နှံသူအတွက် ယုံကြည်မှု ရှိလာတာကြောင့် ကိုယ့်ဘက်ကလည်း ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုကို ဖြစ်စေတယ်။ တချို့နိုင်ငံတွေမှာဆိုရင် နှစ် ၉၀ ပေးထားတာ။ အာဆီယံနိုင်ငံတွင်းမှာဆိုရင် ကျွန်မတို့ နိုင်ငံထက် ပိုချဲ့ထားတဲ့ နိုင်ငံတွေရှိတယ်။ ဒါဟာ သူတို့အတွက် လုပ်ငန်းကာမိသလို အရင်းကျေကာလအတွက် လိုအပ်တဲ့လုပ်ငန်းတွေ ဖြစ်တာကြောင့် ကိုယ့်ဘက်ကလည်း နိုင်ငံသားနဲ့ပေါင်းစပ်လုပ်ငန်းလုပ်ကိုင်တဲ့အခါ ရင်းနှီးမြှုပ်နှံမှုတင်မက အလုပ်လုပ်ရင်း မိမိနိုင်ငံက နည်းပညာကို မျှဝေသင်ယူရတာဖြစ်တယ်။

တချို့ကဆိုရင် လေ့လာစူးစမ်းသင်ယူမှုတွေ ဆောင်ရွက်ရတာကြောင့် လုံလောက်တဲ့ အချိန်ကာလ လိုအပ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုရဲ့ မြေငှားကာလကိုရှည်အောင်ခွင့်ပြု လိုက်တာလို့ ကျွန်မသုံးသပ်တယ်။ နိုင်ငံတိုင်းသူ့ဥပဒေတွေရှိတယ်၊ ကျွန်မတို့နိုင်ငံမှာလည်း အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ စာချုပ်ရှိတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း အခွင့်အရေးတွေပေးပြီး ဆောင်ရွက်တာရှိတယ်။

**မေး။ ။ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို မြေနေရာလုပ်ကိုင်ခွင့်ပြုရာမှာ ကာလပေါက်ဈေးထက် အဆမတန် နည်းပါးစွာလုပ်ကိုင်ခွင့်ချထားပေးတဲ့အပေါ် ပြည်သူအချို့က ထောက်ပြပြောဆိုမှုနဲ့ စပ်လျဉ်းပြီး MIC က ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။မြေလုပ်ပိုင်ခွင့်ရတဲ့နေရာရဲ့ ကာလပေါက်ဈေးလို့ ပြောမယ်ဆိုရင် မြေဈေးလို့ လူတွေက အတိုခေါ်ကြတယ်။ ကျွန်မတို့အနေနဲ့ မြေငှားရမ်းခလို့မြင်တယ်။ မြေငှားရမ်းခလို့ပြောရင် MIC အနေနဲ့ မြေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ MIC အတွက် ပြဋ္ဌာန်းထားတဲ့ အချက်တွေကိုကျင့်သုံးပြီး လုပ်ကိုင်တာဖြစ်တယ်။မြေနဲ့ ပတ်သက်ပြီး ရှေ့မှာ ပြောခဲ့တဲ့ ကာလဘယ်လောက်အထိ ခွင့်ပြုနိုင်တယ်ဆိုတဲ့ နှစ်ကာလနဲ့ ပတ်သက်ပြီးခွင့်ပြုနိုင်တဲ့အလုပ်ကို MIC က လုပ်တယ်။နောက်တစ်ချက်က ဥပဒေမှာပါဝင်တဲ့ ဘယ်လိုမြေအမျိုးအစားမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မလုပ်ရဘူးဆိုပြီး သတ်မှတ်ထားသလို ဥပဒေမှာလည်း တိတိကျကျပြဋ္ဌာန်းထားတယ်။ ရင်းနှီးမြှုပ်နှံသူဘက်မှာလည်း စည်းမျဉ်းများလိုက်နာကျင့်သုံးပြီး ဆောင်ရွက်တယ်။ မြေဈေးနဲ့ပတ်သက်ပြီး ဝင်ပါရမယ်လို့ ဥပဒေအရ မပေးထားသလို MIC က မြေငှားရမ်းခ၊ ဈေးနှုန်းနဲ့ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မှုမရှိပါဘူး။ အရင်တုန်းက နိုင်ငံတော်က ငှားရမ်းရတယ်။ အခုဆိုရင် ပုဂ္ဂလိက မြန်မာနိုင်ငံသားတစ်ဦးချင်းစီထံက နိုင်ငံခြားသားက ငှားရမ်းလို့ရတယ်။ မြန်မာနိုင်ငံသားအချင်းချင်းသာမက နိုင်ငံခြားသားကလည်း မြန်မာနိုင်ငံသားထံမှ ငှားရမ်းလုပ်ကိုင်လို့ရတယ်။ မြေငှားတာက မြေရှင်နဲ့ မြေအသုံးပြုခွင့်ရထားသူ နှစ်ယောက်ရဲ့ နှစ်ဖက် ညှိနှိုင်းဆွေးနွေးပြီး သဘောတူတဲ့ ဈေးနှုန်းပဲ။ MIC က ဘာမှ ဝင်ရောက်ပြောဆိုခြင်း မရှိပါဘူး။

MIC ကို လုပ်ငန်းဆောင်ရွက်ဖို့တင်ပြလာတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုရန်စာ၊ သတ်မှတ်ထားတဲ့အဆိုပြုလွှာပုံစံနဲ့ အထောက်အထားစာရွက်စာတမ်းတွေမှာ တစ်ခါတစ်ရံ အဆောက်အအုံနဲ့ မြေငှားရင် အဆောက်အအုံနှင့်မြေငှားတဲ့စာချုပ်တွေပါလာတယ်။ ဒီလိုပါလာရင် ဒါတွေ အားလုံးကို MIC တစ်ခုတည်းနဲ့ ဆုံးဖြတ်တာ မဟုတ်ဘူး။ စိစစ်သုံးသပ်မှုတွေအတွက် အဖွဲ့တွေ ဖွဲ့ထားတာကြောင့် အဆိုပြုချက် စိစစ်ရေးအဖွဲ့က အရင်ဆုံး စိစစ်တယ်။သုံးသပ်တယ်၊ရင်းနှီးမြှုပ်နှံသူဘက်က မိမိတို့နိုင်ငံနဲ့ ကိုက်ညီမှုမရှိတာတွေ၊ ပြင်သင့်တာတွေ အကြံပေးတယ်။ **ရင်းနှီးမြှုပ်နှံသူအနေနဲ့ ပြင်ပြီး ပြန်လည်တင်ပြလာတဲ့အခါမှာ သက်ဆိုင်ရာလုပ်ငန်းနဲ့ နီးနွှယ်တဲ့ ဌာနတွေ၊ သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မယ့် ဒေသအစိုးရအဖွဲ့တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတွေ၊ လိုအပ်တဲ့အဖွဲ့အစည်းတွေကိုပြန်ပြီး သဘောထားမှတ်ချက်တောင်းတယ်။ ဒါတွေကို မူတည်ပြီး နည်းပညာပိုင်း၊ စီးပွားရေးအကျိုးအမြတ်၊ လူမှုစီးပွားဘဝသက်ရောက်မှု၊ ပတ်ဝန်းကျင် သက်ရောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံနဲ့ပတ်သက်ပြီး သက်ရောက်မှု၊ ဒါတွေကို စဉ်းစားပြီး MIC က ခွင့်ပြုပေးတာဖြစ်တယ်။ မြေဈေးနှုန်းမှာ MIC ဝင်ပါသလားပြောရင် မပါပါဘူး။**

**မေး။ ။ လက်ရှိမြကျွန်းသာစီမံကိန်းက ကျပ် ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမယ့် စီမံကိန်းဖြစ်ပေမယ့် MIC ကို တင်ပြပြီး ခွင့်ပြုမိန့်ရယူခြင်း မဟုတ်ဘူးလို့ သိရပါတယ်။ MIC က ချမှတ်ထားတဲ့ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ညီညွတ်ပါသလား။**

ဖြေ။ ။ မြကျွန်းသာစီမံကိန်းဆိုတာ ကျွန်မတို့လည်း ကြားလိုက်ပါတယ်။ ဒီဟာက MIC ကို အဆိုပြုလွှာတင်လာသေးခြင်းမရှိဘူးဆိုတာ မှန်ပါတယ်။ ဘာကြောင့် မတင်ရလဲဆိုတာ မေးတယ်ဆိုတော့ ဒီမေးခွန်းက ကျွန်မအမှန်အတိုင်းပြောရရင် ဒီစီမံကိန်းကြီးကို ပါဝင်အကောင်အထည်ဖော်နေတဲ့ လူတွေပဲ သိမယ်လို့ပဲ ကျွန်မယူဆတယ်။ ကျွန်မ ပြောရမယ်ဆိုရင် MICက ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး အဓိက လက်ကိုင်ကျင့်သုံးနေတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေရယ်၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ။ ဒီဥပဒေ နှစ်ရပ်က မလုပ်မနေရ ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေမဟုတ်ပါဘူး။ မိမိဆန္ဒနဲ့အညီ စိတ်ကြိုက်ရွေးချယ် အကောင်အထည်ဖော်နိုင်ခွင့်ရှိတဲ့ ဥပဒေတွေပါ။

ဒီမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ရင် ဒီဥပဒေအရ MIC ကို လျှောက်ပြီး လုပ်ခွင့်ရမှ လုပ်ရမယ်လို့ မပြောဘူး။ ရင်းနှီးမြှုပ်နှံသူက လာလျှောက်၊ MIC က ဘောင်နဲ့ သူရဲ့လုပ်ထုံးလုပ်နည်းတွေ၊ အခြေခံမူတွေ၊ စည်းမျဉ်း စည်းကမ်းတွေပေါ်မှာ မူတည်ပြီး စိစစ်ပြီးတော့မှ ခွင့်ပြုမှာပဲ။ MIC ကို လာမယ်၊ မလာဘူးဆိုတာ ရင်းနှီးမြှုပ်နှံသူရဲ့ ဆုံးဖြတ်ချက်ပဲ။ MIC ကို လာရင်ဘာအကျိုးအမြတ်ရှိမလဲ။ ကျွန်မသာ ရင်းနှီးမြှုပ်နှံသူဆိုရင် MIC ကိုလာရင် ဘာတွေအကျိုးမြတ်ရမလဲ၊ ဘာစရိတ်တွေ ပေးရမလဲ၊ ကျွန်မအတွက် ဘယ်လိုစိန်ခေါ်မှုတွေ၊ စွန့်စားမှုတွေ ဖြစ်လာမလဲ။ ဒီအချက်တွေကို ကျွန်မ စဉ်းစားမှာပါ။ ဒါ့အပြင် MIC ကိုလာရင် သူရမယ့် အမြတ်တွေက ဘာလဲ၊ MIC ဥပဒေက ပြဋ္ဌာန်းထားတဲ့ အခွန်ကင်းလွတ်ခွင့်နဲ့သက်သာခွင့်တွေကို သူခံစားရမယ်။ ဒါပေမယ့် ကျွန်မတို့ဥပဒေမှာတော့ စည်းမျဉ်းစည်းကမ်းနဲ့ စီးပွားရေးအမျိုးအစား သက်မှတ်ချက်တွေလည်း ထုတ်ပြန်ထားတာတွေရှိတယ်။ အဲဒီအထဲက ဥပဒေအတိုင်းပဲ ကျွန်မတို့ စည်းမျဉ်းစည်းကမ်းနဲ့ လုပ်ငန်းအပေါ်မှာ မူတည်ပြီးတော့ ခံစားခွင့်တွေပေးတယ်။ MIC လာရင် MIC ပြဋ္ဌာန်းချက်ခံစားရမယ်။ ဒါပေမယ့် တစ်ဖက်ကတော့ ခံစားရမယ့် အကောင်းချည်းပဲ မစဉ်းစားဘူး။ MIC လာရင် သူကုန်ကျမယ့် အချက်တွေ၊ လိုက်နာရမယ့်အချက်တွေရှိတယ်။ ကျွန်မတို့က သူ့ကို စာချုပ်စာတမ်းတွေနဲ့အတူတူ တွဲတင်ရမယ်။ မြေဆိုလည်း ဒီမြေကို ဘယ်သူပိုင်နေသလဲ။ ဒါမျိုးတွေ သူအကုန် လုပ်ရတော့မယ်။ ဒါအတွက် သူလုပ်ရမယ့်ဟာတွေ၊ စာချုပ်စာတမ်းတွေ၊ ပုံစံတွေဖြည့်ရမယ်။ ကျွန်မတို့ဆီလာရင် ကျွန်မတို့စည်းမျဉ်း သူလိုက်နာရမယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ EIA, SIA ရေးပေးပါ။ EMP ဆွဲပေးပါ။ ပတ်ဝန်းကျင်ရဲ့ လိုအပ်ချက်အတိုင်း တောင်းတဲ့အစီရင်ခံစာတွေ သူပြုစုရမယ်။ ဒါမျိုးတွေ ပါလာပြီ စက်ရုံလုပ်မယ်ဆိုရင် စက်မှုလိုင်စင်၊ ဆောက်လုပ်ရေး လိုင်စင်လိုတယ်။ MIC လာရင် MIC ရဲ့ စည်းမျဉ်းစည်းကမ်း သူလိုက်နာရမယ်။ ရင်းနှီးမြှုပ်နှံသူ တစ်ယောက်အနေနဲ့ ဘယ်အပေါ်ကိုရွေးမလဲ၊ သူစဉ်းစားမှာပဲလေ။ သူ့အတွက်ချိန်ပြီး သူလုပ်မှာပဲလေ။

အခု မြကျွန်းသာဥယျာဉ်လုပ်ငန်းတွေက ကျွန်မကြားတာရော ဒီမနက် ဂျာနယ်၊သတင်းစာ တွေမှာရော တွေ့လိုက်ရတာက YCDC နဲ့ ကြီးကြပ်မှုနဲ့ သူတို့လုပ်နေတယ်လို့ ဖတ်လိုက်မိပါတယ်။ ဒီကိစ္စက MIC ကိုလာတယ်၊ မလာဘူး ဆိုတာက ရင်းနှီးမြှုပ်နှံသူတွေရဲ့ ရွေးချယ်မှုပါ။ သူ့ရဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါလိမ့်မယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ MIC ရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ညီတယ်၊ မညီဘူး ဆိုတာက သူတို့ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်မတို့ဆီမလာတော့ ကျွန်မတို့မသိဘူးလေ။ MIC ကို အဆိုပြုချက် တင်လာတယ်ဆိုရင် အဲဒီအဆိုပြုလွှာအပေါ်ကို တွက်ချက်ပြီးစဉ်းစားတယ်။ အလုပ်အကိုင်ဖန်တီးမှု ရှိသလား၊ စက်မှုနည်းပညာအရ ကောင်းမွန်သလား၊ လူသားတွေနဲ့ ပတ်ဝန်းကျင်အတွက် ဘာတွေ အကျိုးပြုသလဲ။ ထိခိုက်မှုရှိသလား၊ ဒါတွေကိုအကုန်လုံးစိစစ်ပါတယ်။ MIC ဥပဒေမှာပါတဲ့ အချက်တွေ အပြင် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ စောစောက ကျွန်မပြောတဲ့ အဆိုပြုချက်စိစစ်ရေး အဖွဲ့ရှိတယ်။ အဲဒီအဖွဲ့ကလည်း သူ့ဌာနဆိုင်ရာကသုံးတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေနဲ့စစ်တယ်။ စစ်ပြီးမှ MIC က ခွင့်ပြုမိန့် ထုတ်ပေးတယ်။

MIC က ခွင့်ပြုလို့ အလုပ်လုပ်ရင်တောင်မှ အဆိုပြုမှာဖော်ပြတဲ့ကတိကဝတ်တွေ ရှိမယ်။ ဒါတွေကို တာဝန်ယူရမယ်။ တာဝန်ခံရမယ်။ တာဝန်သိရမယ်။ ဒီစည်းကမ်းတွေကို သူလိုက်နာရမယ်။ မလိုက်နာဘူးဆိုရင် ရင်းနှီးမြှုပ်နှံမှု ဥပဒေမှာပါပါတယ်။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ရှိပါတယ်။ သတိပေးမယ်။ မရရင် MIC က ပေးထားတဲ့ ခံစားခွင့်တွေ၊ ကင်းလွတ်ခွင့်တွေကို ယာယီရုပ်သိမ်းမယ်။ ထပ်ပြီး မလိုက်နာရင် လုပ်ငန်းကိုရပ်လိုက်မယ်။ တစ်ဆင့်ပြီးတစ်ဆင့် သွားတာတော့မဟုတ်ဘူး။ သူ့လုပ်ငန်းရဲ့ အပေါ်မှာ မူတည်တာပါ။ ဥပဒေ နှစ်ရပ်စလုံးမှာလည်း ပြစ်ဒဏ်တွေ ရှိပါတယ်။ နောက်ဆုံး ဘယ်လောက်အထိလဲဆိုတော့ နောင်မှာဘယ်ခွင့်ပြုမိန့်မှ ထုတ်ပေးမှာမဟုတ်တဲ့ နာမည်ပျက်စီးပွားရေးလုပ်ငန်းရှင်ထဲ ထည့်မယ်ဆိုတဲ့ ပြစ်ဒဏ်တွေပါ ဥပဒေနှစ်ရပ်စလုံးမှာ သတ်မှတ်ထားပါတယ်။ စီမံခန့်ခွဲမှုဥပဒေတွေနဲ့ ကျွန်မတို့က အရေးယူတာ၊ စောစောကပြောတဲ့ မြကျွန်းသာ ကိစ္စဟာ ကျွန်မတို့ဆီကို မလာတဲ့အတွက် MIC ရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီတယ်၊ မကိုက်ညီဘူး ဆိုတာတော့ ကျွန်မတို့ဆီကို အဆိုပြုချက် မတင်တော့ ကျွန်မတို့မသိပါဘူး။

မြကျွန်းသာဥယျာဉ်ကိစ္စမှာ သူတို့ဘယ်လိုဆောင်ရွက်နေလဲ ကျွန်မမမြင်ဘူး။ စာရွက်စာတမ်းတွေလည်း ကျွန်မ မမြင်တော့ မှတ်ချက်ပေးလို့မရပါဘူး။ ဒါပေမယ့် ကျွန်မခံယူမိတာကတော့ သူတို့ကို ကြီးကြပ်နေတဲ့အဖွဲ့၊ သတင်းစာ၊ ဂျာနယ်တွေမှာပြောသလို YCDC ပဲ ထားပါတော့။ YCDCမှာလည်း စည်းမျဉ်းစည်းကမ်းရှိမယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်နေသူတွေဟာ သူတို့ နှစ်ဦးကြားမှာထားတဲ့ ကတိကဝတ်က ဘာတွေလဲ။ ဒီကတိကဝတ်အတိုင်း လိုက်နာ၊ မလိုက်နာဘူးဆိုတာလည်း ကျွန်မတို့ မသိပါဘူး။ အားလုံးက ကတိကဝတ်နဲ့ စည်းမျဉ်းအတိုင်း သွားနေရင် အကောင်းဆုံးပဲလေ။ ပတ်ဝန်းကျင်နဲ့အများအကျိုးကိုလည်း မထိခိုက်ဘူး။ ကိုယ်လည်း စီးပွားဖြစ်ပါတယ်။

**မေး။ ။ MIC ရဲ့ လက်ရှိမူဝါဒနဲ့စပ်လျဉ်းပြီး အများပြည်သူကို ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ MIC က ဥပဒေမှာပါတဲ့ သတ်မှတ်ထားတဲ့ အခြေခံမူတွေ၊ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးပြီး တိုင်းပြည်ကိုရင်းနှီးမြှုပ်နှံမှု တိုးတက်ဝင်လာအောင် လုပ်တဲ့အခါမှာ တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကို အဓိကထားတယ်။ ဝင်ရောက်လုပ်ကိုင် ရင်းနှီးမြှုပ်နှံသူတွေရဲ့ လုပ်ငန်းတွေ အဆင်ပြေ မြန်ဆန်စေဖို့ အထောက်အကူပြု ပံ့ပိုးဆောင်ရွက်ပေးတယ်။ အထူးသဖြင့် One Stop Service နဲ့ ဆောင်ရွက်ပေးနေတယ်။ ဝန်ကြီးဌာနပေါင်းစုံက လက်မှတ်ရေးထိုးပိုင်ခွင့် အာဏာရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ စုပေါင်းထားပါတယ်။ ကျွန်မတို့ အဆိုပြုချက်တစ်ခုကိုစစ်ရင် စီးပွားရေး၊ လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ စတာတို့ မထိခိုက်စေဘဲ ရင်းနှီးမြှုပ်နှံမှု ရှုထောင့်တွေက ကြည့်ပြီးမှ သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့ သဘောထားရယူတယ်။ ပြီးမှ ပါမစ်ခွင့်ပြုပေးတာဖြစ်တယ်။ ဒီလိုခွင့်ပြုပေးပြီးရင် အဓိက ကူညီတာက ရင်းနှီးမြှုပ်နှံမှု တိုးတက်မှု၊ တာဝန်ယူမှု ရှိတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်တယ်။ ရင်းနှီးမြှုပ်နှံသူတွေကို ဥပဒေအရ ကာကွယ်ပေးတယ်။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဒီလိုလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ပေးတယ်။ နယ်တွေကိုဆင်းပြီး သတင်းအချက် အလက်တွေ ပံ့ပိုးပေးတယ်။ စည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်။ လိုအပ်ရင် ဌာနဆိုင်ရာတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးတယ်။ ပင်မဌာနဖြစ်တဲ့ MIC ရဲ့ အတွင်းရေးမှူးရုံးလည်းဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက လုပ်နေတဲ့အပြင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က One Stop Service ဆောင်ရွက်ပေးတယ်။ နယ်တွေမှာလည်း ရုံးခန်းတွေ ဖွင့်ထားတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို ကူညီဆောင်ရွက်ပေးဖို့ မန္တလေး၊ တောင်ကြီး၊မော်လမြိုင်နဲ့ နေပြည်တော်မှာ ရုံးခန်းတွေ ဖွင့်လှစ်ထားသလို ဆက်လက်ပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ဖွင့်လှစ်သွားနိုင်အောင် စီစဉ်နေပါတယ်။ လိုအပ်တာတွေကို ကူညီပံ့ပိုးပေးမှာ ဖြစ်တယ်။

MIC ခွင့်ပြုမိန့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုစတင်တဲ့အခါ စက်ယန္တရားတင်သွင်းတာကအစ အခွန်ကင်းလွတ်ခွင့်လိုချင်ရင် ဒါတွေကို အမြန်ဆုံး ကူညီဆောင်ရွက်ပေးတယ်။ ပမာဏကြီးတဲ့ လုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံမှုနှင့် ကြီးကြပ်ရေးဌာနခွဲက ဦးဆောင်ပြီး ကူညီဆောင်ရွက်ပေးတယ်။ ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့ချည်းမဟုတ်ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခေါ်ထားရင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စတွေ၊ အလုပ်သမားနဲ့ ဆိုင်ရာကိစ္စတွေ၊ ဒါတွေနဲ့ပတ်သက်တဲ့ လိုအပ်တဲ့ ကူညီမှုတွေ ဆောင်ရွက်ပေးတယ်။

ဥပဒေတွေကပြုပြင်ပြီး ခေတ်နဲ့အညီ ဖြစ်နေရမယ်။ ကမ္ဘာ့အသိုင်းအဝိုင်းနိုင်ငံရဲ့ လူတွေအတွက် အကျိုးရှိသလား၊ ထိခိုက်မှုတွေဖြစ်နေသလား၊ အမြဲတမ်း ကိုယ့်တိုင်းပြည်ရဲ့ အပြည်ပြည်ဆိုင်ရာမှာပေးထားတာ၊ ဒေသဆိုင်ရာမှာ ပေးထားတာ၊ နိုင်ငံတစ်နိုင်ငံချင်းပေးထားတာ၊ ဒီလို ကတိကဝတ်တွေနဲ့ လိုက်လျောညီထွေမှုဖြစ်မလား၊ အပြည်ပြည်ဆိုင်ရာမှာ ပြောင်းလဲနေတာနဲ့ လိုက်လျောညီထွေမှု ဖြစ်မလားဆိုတာ အမြဲတမ်းကြည့်ပြီး လိုအပ်တဲ့ ပူးပေါင်းကူညီဆောင်ရွက်မှုတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပေါင်းစပ်ပြီး လုပ်နေတယ်။ ဒီလို အထောက်အကူပြု ပံ့ပိုးမှုတွေကို MIC က ဆောင်ရွက်ပေးနေတယ်။

သူတို့ဆောင်ရွက်တဲ့လုပ်ငန်းတွေ ဒေသနေရာ မှန်ကန်သလား၊ ပါမစ်ပေးထားပြီး လုပ်ငန်းတွေကိုလည်း ကတိကဝတ်နဲ့အညီ ဆောင်ရွက်နေသလားဆိုတာ ကွင်းဆင်း စစ်ဆေးပါတယ်။ ကျေးဇူးတင်ပါတယ်။ ။




# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများက ကိုယ်တိုင်ကြိုးစားအားထုတ် လုပ်ဆောင်ရမည်ဖြစ်

**နေပြည်တော် ဇွန် ၃**

ကိုကိုးကျွန်းသည် မြန်မာနိုင်ငံတောင်ပိုင်းရှိ အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်နေသော နိုင်ငံတော်အတွက် အရေးကြီးနေရာတစ်ခုဖြစ်ကြောင်း၊ ယခင်ခေတ်အဆက်ဆက်အစိုးရများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြသော်လည်း လိုအပ်ချက်များရှိခဲ့ပါကြောင်း၊ ယင်းလိုအပ်ချက်များကို လေ့လာပြီး ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံတော်အပိုင်း၊ တပ်မတော်အပိုင်းက လုပ်ဆောင်ပေးနိုင်သည်များကို ဆောင်ရွက်ပေးခဲ့ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇနီးဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့သို့ရောက်ရှိရာ လေဆိပ်၌ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြို့နယ်ခန်းမ၌ ကိုကိုးကျွန်းမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီချုပ်က ၂၀၁၂ ခုနှစ် ကိုကိုးကျွန်းသို့ စတင်ရောက်ရှိစဉ်ကပင် သွားလာရေး လိုအပ်ချက်အတွက် လေယာဉ်ကွင်း တိုးချဲ့ပြုပြင်ရေးလုပ်ငန်းများကို ပထမဆုံး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုဆိုလျှင် လုံလောက်သော လေယာဉ်ပြေးလမ်း အတိုင်းအတာရရှိပြီဖြစ်ကြောင်း၊ ထို့အပြင်သွားလာမှု အဆင်ပြေစေရန် နှစ်ပတ်လျှင်တစ်ကြိမ် တပ်မတော်လေယာဉ်ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒေသခံပြည်သူအများ အဆင်ပြေစွာ သွားလာနိုင်ရန်၊ ကုန်ပစ္စည်းများပို့ဆောင်နိုင်ရန်အတွက် ရေတပ်သင်္ဘောများကိုလည်း စီစဉ်ပြေးဆွဲပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သောက်သုံးရေ လိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်မှရရှိသည့် ဘဏ္ဍာငွေ၊ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် မြို့သာယာလှပရေးအတွက် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးအပေါ်တွင် များစွာမူတည်ပါကြောင်း၊ ပညာရေးအတွက် ကျောင်းသား၊ ဆရာ၊ မိဘသာမက တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကပါ အားပေးဆောင်ရွက်ရန်တိုက်တွန်းလိုပါကြောင်း၊ ထို့အတူ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် ပြည်သူများရှိရန်လိုကြောင်း၊ ကျန်းမာမှသာ ဉာဏ်ထက်မြက်ပြီး ပညာတတ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသခံတပ်အပါအဝင် ဌာနဆိုင်ရာများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ညီအစ်ကို မောင်နှမသဖွယ်မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ စည်းလုံးညီညွတ်စွာ နေထိုင်လုပ်ကိုင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် 'အား'တစ်ခုကို ဖြစ်စေနိုင်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်၊ တိုင်းဒေသကြီးအစိုးရနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံများကလည်း ကိုယ်တိုင်ကြိုးစားအားထုတ် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်းတွင် သွားလာရေး၊ သယ်ယူပို့ဆောင်ရေးပိုမိုအဆင်ပြေစေရန် သင်္ဘောများ ဆိုက်ကပ်နိုင်သည့် Jetty တစ်ခုဆောင်ရွက်နေပါကြောင်း၊ ယင်း Jetty ပြီးစီးပါက ခရီးသွားလုပ်ငန်းပါ အဆင်ပြေလာနိုင်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုစေရန် ၂၀၁၄ ခုနှစ်အတွင်း ကိုကိုးကျွန်း၌ CDMA တယ်လီဖုန်းဆက်သွယ်မှုရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းပြည်ပလွယ်ကူစွာ ဆက်သွယ်နိုင်သဖြင့် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား တတ်နိုင်သလောက် ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများမှာ တပ်မတော်သားများ ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးပါရန် မြို့သူမြို့သားများကိုယ်စားပြောကြားလိုပါကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကွန်ပျူတာများနှင့် စာအုပ်၊စာစောင်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက ဒံပေါက်ထုပ်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရ သက်ဆွေက အားကစားပစ္စည်းများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က ကျောင်းသုံးစာရေးကိရိယာနှင့် လွယ်အိတ်များကိုလည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ် ဆန်းဦးက အခြေခံစားကုန်နှင့် အဝတ်အထည်များကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်ထုပ်နှင့် အချိုရည်များ၊ အသီးအနှံများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်ပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ကိုကိုးကျွန်းတွင် နှစ်စဉ်နှစ်တိုင်းကျွန်းမြေများအား ပင်လယ်ဒီရေတိုက်စားနေခြင်းမှ ကာကွယ်ရန်အတွက် ဒီရေလှိုင်းကာမြေထိန်းနံရံ တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ကိုကိုးကျွန်းဆိပ်ခံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက မီတာ 100 Jetty တည်ဆောက်မည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ Jetty နေရာရှိ မူလအောက်ခံမှာ ကျောက်ပြင်ကျောက်သားများဖြစ်၍ အခြားဆိပ်ခံတံတားများကဲ့သို့ ကွန်ကရစ်ပိုင်ရိုက်ခြင်း၊ဘိုးပိုင်တူးခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မူလကျောက်သားပေါ်တွင် တစ်တုံးလျှင်အလေးချိန် ၁၀ တန်ရှိသည့် နှစ်မီတာပတ်လည်အရွယ်အစား ကွန်ကရစ်တုံးကြီးများအား တစ်တုံးနှင့်တစ်တုံးကီးလိုင်းများဖြင့် ချိတ်ဆက်ပြီး ပင်လယ်ရေလှိုင်းဒဏ် ခံနိုင်မှုရှိစေရန် အဆင့်မြင့်နည်းပညာသုံး တည်ဆောက်သွားမည်ဖြစ်သည်။

ထိုသို့တည်ဆောက်နိုင်ရန် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ ဂျပန်နိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့မှ ပညာရှင်များ ပူးပေါင်း၍ Gravity Type Precast Conc. Block Jetty အဖြစ် မြန်မာနိုင်ငံ၏ ပထမဆုံး ဒီဇိုင်းပုံစံထုတ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူ ကြည့်ရှုနိုင်

**နေပြည်တော် ဇွန် ၃**

ဇွန် ၆ ရက်တွင် ကြေညာမည့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်စာရင်းများကို မိုဘိုင်းဖုန်းများမှတစ်ဆင့် အလွယ်တကူ ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ဝင်တန်း အောင်စာရင်းကြည့်ရှုရန် ဖြေဆိုသူ၏ စာစစ်ဌာန သင်္ကေတနှင့် ခုံအမှတ်ကို မြန်မာဘာသာ (Zawgyi One Font၊ Myanmar2 Font နှင့် Myanmar 3 Font) များဖြင့် ရိုက်နှိပ်ကာ ရှာဖွေကြည့်ရှုနိုင်သည်။ အဆိုပါ အောင်စာရင်းကို Playstore မှ https://play.google.com/store/apps/details… နှင့် Myanmar App Store မှ http://downloadmyanmar appstore.com/?p=461 တို့ဖြင့် မိုဘိုင်း Apps: ရယူကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မိုးသူ)**






## ●လှေစီးသွားလာသူများမှ

၅။ ယနေ့ ၃-၆-၂၀၁၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား နေပြည်တော်သို့ ခေါ်ယူတွေ့ဆုံခဲ့ပါသည်။ ယင်းသို့ တွေ့ဆုံခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးက လှေစီးသွားလာသူများကို မြန်မာနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုရှုထောင့်အရ ယာယီစောင့်ရှောက်မှုပေးထားလျက်ရှိကြောင်း၊ ကောင်စစ်တွေ့ဆုံမှုပြုပြီး စိစစ်အတည်ပြုပြီးသည့် မြန်မာနိုင်ငံတွင် ယာယီစောင့်ရှောက်မှုပေးထားသူများအား အမြန်ဆုံးပြန်လည်ခေါ်ယူရန် တိုက်တွန်းကြောင်း ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက မိမိအစိုးရသည် ဤကိစ္စကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့်အားလျော်စွာ အမြန်ဆုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ခေါ်ယူမှုလုပ်ငန်းစဉ်ကို လာမည့် ၇-၆-၂၀၁၅ ရက်နေ့တွင် စတင်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

၆။ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူများနှင့် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများ ပူးပေါင်းလျက် ၄-၆-၂၀၁၅ ရက်တွင် နောက်ထပ်ယာယီစောင့်ရှောက်ထားသည့် လှေစီးသွားလာသူများကို ကောင်စစ်တွေ့ဆုံမှုများ စတင်ပြုလုပ်သွားမည်ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံတော်၏ အကျိုးစီးပွားတို့ကို အကောင်းဆုံးကာကွယ်စောင့်ရှောက်နိုင်ရန် လှေစီးသွားလာသူများကိစ္စကို အလေးအနက်စဉ်းစားလျက်လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ကာ မူရင်းထွက်ခွာရာနေရာများသို့ ပြန်လည်ပို့ဆောင်ရေးကို စီမံဆောင်ရွက်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်**

## ☆ မြန်မာမှ

များစွာ ပြုလုပ်ထားသည်။ စင်ကာပူအသင်းသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် အသင်းဖြစ်သည်။

စင်ကာပူအသင်းသည် လက်ရွေးစင်အသင်း၌သာ အောင်မြင်မှုရရှိသော်လည်း သက်တမ်းအလိုက်ပြိုင်ပွဲများတွင် အောင်မြင်မှုအစဉ်အလာ ကြီးကြီးမားမား မရှိသေးပေ။ ယခုပွဲကို စင်ကာပူနိုင်ငံရောက် မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက်သွားရောက်အားပေးမည်ဖြစ်ပြီး ပထမပွဲလောက်လက်မှတ်ခွဲတမ်းမရရှိသော်လည်း အင်တိုက်အားတိုက်အားပေးရန် စီစဉ်လျက်ရှိသည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ရန်နိုင်**

ပြည်တွင်းရေးရာ

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် လက်ခုပ်ကုန်းဘက်သို့ စုပေါင်းစက်ဘီးစီးနင်းမည်



**ရန်ကုန် ဇွန် ၃**

လာမည့် ဇွန် ၅ ရက်တွင်ကျရောက်မည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့(World Environment Day)တွင် ရန်ကုန်တိုင်းဒေသကြီး လက်ခုပ်ကုန်းကမ်းခြေဘက်သို့ စုပေါင်းစက်ဘီးစီးနင်းမှုများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ စက်ဘီးစီးဝါသနာရှင်များကွန်ရက်(BNM)မှ ဦးညီက ပြောသည်။

အဆိုပါ ခရီးစဉ်သည် BNM အနေဖြင့် ခရီးဝေးစီးနင်းသော (၁၂) ကြိမ်မြောက် ခရီးစဉ်တစ်ခုဖြစ်ပြီး စက်ဘီးစီးဝါသနာရှင်တိုင်း ပါဝင်နိုင်ရန် ဖိတ်ခေါ်ထားလျက်ရှိကြောင်း သိရသည်။ ထိုခရီးစဉ်အတွက် ဇွန် ၅ ရက် နံနက် ၅ နာရီခွဲ ပန်းဆိုးတန်းဆိပ်ကမ်းတွင် စုရပ်ထားကာ နံနက် ၆ နာရီတွင် သင်္ဘောဖြင့် ဒလဘက်သို့ကူး၍ ဒလမှ လက်ခုပ်ကုန်းသို့ စက်ဘီးစီးနင်းကြမည်ဖြစ်ကြောင်း၊ ဒလမှ လက်ခုပ်ကုန်းအထိ ခရီးစဉ်အကွာအဝေးသည် အသွား ၃၅ မိုင်၊ အပြန် ၃၅ မိုင် စုစုပေါင်း မိုင် ၇၀ ကွာဝေးကြောင်း သိရသည်။

"လမ်းခရီးမှာ အချိန်လေလွင့်မှု လျော့ပါးစေဖို့အတွက် စက်ဘီးတွေရဲ့ ကြံ့ခိုင်မှုကို အခုကတည်းက စစ်ဆေးထားဖို့တွေ၊ ကျွတ်အပိုယူဆောင်လာဖို့ နှိုးဆော်ထားပါတယ်" ဟု ၎င်းက ဆိုသည်။ လက်ခုပ်ကုန်းသို့ ရောက်ရှိသည့်အခါ နေ့လယ်စာစား၍ တစ်နာရီလောက်နားပြီး အပြန်စီးနင်းမှုကို လုပ်ဆောင်ကြမည်ဟု သိရသည်။

ထိုစက်ဘီးစီးဝါသနာရှင်များသည် စုပေါင်းစီးနင်းမှုအစီအစဉ်များသာမက စက်ဘီးစီးရင်း စုပေါင်းလှူဒါန်းမှုများကိုလည်း ပြုလုပ်ခဲ့သည်။ ယခင်က မှော်ဘီ၊ ငါးဆူတောင်၊ ပဲခူး၊ ဆယ့်တစ်ကုန်း၊ သန်လျင်၊ ကျောက်တန်း၊ တွံတေး၊ ဖူးကြီးဆည်၊ ညောင်တုန်း၊ ဖျာပုံ၊ ပန်းတနော်စသော ခရီးစဉ်များကို စုပေါင်းစီးနင်းခဲ့ကြခြင်းဖြစ်သည်။

စက်ဘီးစီးရင်း စုပေါင်းကုသိုလ်ပြုလုပ်နိုင်သည့်အပြင် မိတ်ဆွေပေါများပြီး ကျန်းမာရေးအတွက်လည်း အထောက်အကူပြုကာ သဘာဝပတ်ဝန်းကျင်အတွက်လည်း အထောက်အကူပြုစေကြောင်း သိရသည်။ လက်ခုပ်ကုန်းစက်ဘီးစီးနင်းမည့်ခရီးစဉ်တွင် ဒေးဒရဲ၊ မအူပင်၊ ဖျာပုံဘက်မှလည်း စက်ဘီးစီးဝါသနာရှင်များ လိုက်ပါ၍ စုပေါင်းစီးနင်းကြမည်ဟု သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**




# ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ရေး ငါးနှစ်အောက်ကလေးများကို ကာကွယ်ဆေးထိုးရန်စီစဉ်

**ရန်ကုန် ဇွန် ၃**

အသက်ငါးနှစ်အောက်ကလေးများတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နိုင်ရေးအတွက် စီမံချက်ချကာ ကာကွယ်ဆေးထိုးမှုများပြုလုပ်သွားရန် စီစဉ်ထားကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးမှုကို လာမည့်နှစ်တွင် လုပ်ဆောင်သွားနိုင်ရန် စီစဉ်နေခြင်းဖြစ်ပြီး ကလေးများ၌ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်စေသော ရိုတာဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်၍ ထိုးနှံသွားရန်စီစဉ်ထားခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးနိုင်ရေးအတွက် အလှူရှင်အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်းများရှိကြောင်း ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာ သန်းထွန်းအောင်က ပြောကြားသည်။ "ကလေးတွေမှာဖြစ်ရတဲ့ အဓိကအကြောင်းအရင်းတွေမှာ ရိုတာဗိုင်းရပ်စ်ပိုးကြောင့် အဖြစ်များတာ တွေ့ရလို့ ကာကွယ်ဆေးထိုးဖို့ရှိပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ထိုသို့လုပ်ဆောင်ခြင်းကြောင့် အသက် ငါးနှစ်အောက်ကလေးများ သေဆုံးမှုနှုန်းလျော့ကျရေးကို များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့အပြင် မိုဘိုင်းဖုန်းများမှတစ်ဆင့် short message များဖြင့် ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများကိုလည်း ပြုလုပ်သွားရန်စီစဉ်နေကာ ပညာပေးလုပ်ငန်းများကို အများပြည်သူစိတ်ဝင်စားစေမည့် အသွင်သစ်များဖြင့် လုပ်ဆောင်သွားရန် စီစဉ်နေလျက်ရှိကြောင်း သိရသည်။

**(၆၈၀)**

# စားသုံးရန်မသင့်သော စားသောက်ကုန် မူဆယ်မြို့တွင် ဖျက်ဆီး

**မူဆယ် ဇွန် ၃**

စားသုံးရန်နှင့် သုံးစွဲရန်မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ခန့်မှန်း ကျပ်သိန်း ၃၅၀ နီးပါးတန်ဖိုးရှိ ကုန်ပစ္စည်းများအား မူဆယ်မြို့ စွမ်းဇော်ရပ်ကွက် မီးရှို့ဖျက်ဆီးရေးကွင်း၌ ဖျက်ဆီးခဲ့သည်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အားဖြင့် ဖွဲ့စည်းထားသော တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့မှ အများပြည်သူစားသုံးရန်သုံးစွဲရန်မသင့်သော FDA ထောက်ခံချက်မရှိသော နို့၊ နို့မှုန့်၊ ဖျော်ရည်မျိုးစုံ၊ ဂျယ်လီ၊ ဘီယာ၊ စားဆီ၊ ခေါက်ဆွဲခြောက်၊ မှိုခြောက်၊ အစပ်ချောင်း၊ လက်ဖက်ခြောက်၊ ကြက်သား၊ ကြက်ခြေထောက်၊ ဂျုံ၊ အနံ့မှုန့်၊ အလှကုန်နှင့် ဆေးဝါး စသော ကုန်ပစ္စည်းများကို ဇွန် ၂ ရက် နံနက် ၁၁ နာရီတွင် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခွင့်ပြုချက်ယူထားခြင်းမရှိသော ပိုးသတ်ဆေးအမျိုးမျိုးနှင့် ဓာတ်မြေဩဇာတို့ ပါဝင်သော ပစ္စည်းများကို စနစ်တကျ ကျင်းတူးဖျက်ဆီးခဲ့သည်။

ဧပြီ ၁၀ ရက်မှ မေ ၁၈ ရက်ထိ သိမ်းဆည်းရမိသော ကုန်ပစ္စည်းများဖြစ်ပြီး အရေအတွက်အားဖြင့် ၉၅၈ ဖာ၊ ၈၉၉ အိတ်၊ ၃၃၉ ထုပ်၊ ၁၉ ဘူးဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၄၁၃၈၅၀၀ ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး (ရှမ်း/မြောက်)မှ ဦးဆောင်၍ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အကောက်ခွန်ဦးစီးဌာန (ရှမ်း/မြောက်)ညွှန်ကြားရေးမှူး ဦးတင်ထွန်းဝင်း၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ စုံစမ်းစစ်ဆေးရေးအရာရှိ ဦးတေဇာမောင်မောင်၊ အကောက်ခွန်ဦးစီးဌာနမြို့နယ်မှူး ဦးသော်ရာဟိန်းနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ (၁၀၅)မိုင် ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းတို့ ဦးဆောင်သောအဖွဲ့စုံဖြင့် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၀၁၁၂)**

# ကျောင်းကြီးဖွင့်လေပြီ



မင်းထက်အောင် (မန်းကိုယ်ပွား)

ဇွန် ၁ ရက်သည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်သော နေ့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဝတ်စုံလေးများကိုယ်စီဝတ်ဆင်ကာ တက်ကြွသောခြေလှမ်းများဖြင့် ကျောင်းတက်လာကြသော ကျောင်းသား ကျောင်းသူလေးများ၏ မြင်ကွင်းများကို ဆန်းသစ်ကြည်နူးစွာ တွေ့မြင်ခဲ့ရသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရန်အတွက် ပညာရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး နိုင်ငံတော်အစိုးရမှ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်များကိုစီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပညာရေးသည် လူတိုင်းအတွက် အမှန်တကယ်ဖြစ်စေရမည်ဆိုသောရည်ရွယ်ချက်ဖြင့် အခြေခံပညာကို လူတိုင်းသင်ယူနိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေးတို့အတွက် အခမဲ့မူလတန်းပညာရေးအစီအစဉ်နှင့် အလယ်တန်းပညာရေးအစီအစဉ်တို့ကိုဆက်တိုက်ဆောင်ရွက်ပေးခဲ့သည့်အပြင် ယခုနှစ်တွင် အခမဲ့အထက်တန်းပညာရေးအစီအစဉ်အထိ တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းအစီအစဉ်တွင် မူလတန်းကလေးငယ်များအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းဝတ်စုံတစ်စုံစီ၊ အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့်တွင်ပြဋ္ဌာန်းစာအုပ်များကို အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ မိဘများအနေဖြင့်လည်း ကျောင်းအပ်ခ၊ ပြဋ္ဌာန်းစာအုပ်နှင့် ဗလာစာအုပ်ဖိုးများ အထိုက်အလျောက်သက်သာသွားသော်လည်း မိမိတို့သားသမီးများ တစ်နှစ်ပတ်လုံး ပညာသင်ကြားရန် လိုအပ်ချက်များစွာအတွက် ကုန်ကျစရိတ်များကရှိနေဦးမည်ဖြစ်သော်လည်း ထူးချွန်ထက်မြက်၍ အသိအလိမ္မာပြည့်စုံသူများ ဖြစ်စေရေးအတွက် ကြိုးစားပေးကြရဦးမည်ဖြစ်သည်ကို ကျေနပ်စွာလက်ခံထားကြပေသည်။

"ပညာရေးစနစ်တိုးတက်ပြောင်းလဲလာသလို သင်ယူဖို့အတွက် ရွေးချယ်စရာတွေကလည်း များလာတော့ ကုန်ကျစရိတ်တွေကလည်း တိုးလာတာပေါ့။ ဒါပေမယ့် နိုင်ငံတော်ကလည်းတတ်နိုင်သလောက်ကူညီထောက်ပံ့ပေးနေတဲ့အတွက် ကျွန်မတို့ကလည်း မိဘတာဝန်ကျေပွန်ရမှာပေါ့ရှင်" ဟု မိခင်တစ်ဦးက ပြောသည်။

သူငယ်တန်းတက်မည့်သားကို ကျောင်းသို့ လိုက်ပို့ပေးသော ဖခင် ဦးမောင်အေးကလည်း "နိုင်ငံတော်အပိုင်းက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ဖို့ အစွမ်းကုန်ဆောင်ရွက်ပေးနေသလို ကျွန်တော်တို့မိဘတွေကလည်း ကိုယ့်ကလေးပညာရေးအတွက် အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမှာပါ။ သင်ကြားမယ့်ဆရာတွေအနေနဲ့ကလည်း ကိုယ့်တပည့်တွေကိုပညာအခြေခံကောင်းရုံသာမက စိတ်ဓာတ်၊ စည်းကမ်းနဲ့ အကျင့်စာရိတ္တတွေပါ ဘက်စုံကောင်းမွန်သူတွေဖြစ်အောင် စေတနာထားသင်ကြားပေးစေလိုပါတယ်" ဟုပြောသည်။

ပညာသင်ကြားပေးမည့် ဆရာ ဆရာမများကလည်း မိမိတို့၏ တပည့်ဟောင်း၊ တပည့်သစ်များအား ကျောင်းစဖွင့်သည့်နေ့တွင် နွေးထွေးစွာဆီးကြိုနေသည့် ပုံရိပ်များကိုလည်း ဝမ်းသာကြည်နူးဖွယ် တွေ့မြင်ခဲ့ရသည်။

"မိဘရင်ခွင်ကနေ ပညာသင်ယူဖို့ရင်ခွင်ပြောင်းရောက်လာကြတဲ့ကလေးတွေကို ကိုယ့်သားသမီးတွေလို စောင့်ရှောက်မှုပေးပြီး ထူးချွန်ထက်မြက်လာအောင် သင်ကြားပေးချင်တဲ့ဆန္ဒတွေက ဆရာတိုင်းမှာရှိကြပါတယ်။ သင်ကြားမှုပုံစံတွေ ဘယ်လိုပဲပြောင်းလဲပေမယ့် တပည့်တွေအပေါ်မှာထားတဲ့ စေတနာကတော့ ဆရာတိုင်းမှာ အတူတူပါပဲရှင်" ဟု ဆရာမတစ်ဦးက ပြောကြားသည်။

ယခုအခါတွင်နိုင်ငံတော်အစိုးရအနေဖြင့် အခမဲ့မသင်မနေရ အခြေခံပညာရေးစနစ်ဖော်ဆောင်၍မူလတန်းကြိုပညာရေးမြှင့်တင်ရေး၊ မူလတန်းကြိုဆရာ၊ ဆရာမများမွေးထုတ်ရေး၊ အခြေခံပညာရေးအရည်အသွေးမြင့်မားရေး၊ ကျောင်းပြင်ပမူလတန်းပညာရေး၊ ဘုန်းတော်ကြီးသင်ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ လူတိုင်းအကျုံးဝင်ပညာရေးနှင့် ဘက်စုံလွှမ်းခြုံပညာရေးလုပ်ငန်းစဉ်များကိုချမှတ်၍ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ အဆိုပါပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက်များအား အနာဂတ်မျိုးဆက်သစ်လူငယ်ကျောင်းသား ကျောင်းသူများ အမှန်တကယ်ခံစားနိုင်ကြမည်ဖြစ်သောကြောင့် ပြည်သူတစ်ဦးချင်းစီကလည်း တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုစသော အသိစိတ်ဓာတ်များဖြင့် ကောင်းမြတ်သော အရည်အချင်းများကို ထုတ်ဖော်ကာ ပူးပေါင်းပါဝင်ကြရန်လိုအပ်ပေသည်။ ။

# စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးတွင် စစ်ကိုင်းမြို့ကို တည်ထောင်ခဲ့သူ အသင်္ခယာစောယွန်းမင်း၏ ကြေးသွန်းရုပ်တု စိုက်ထူရန်ပြင်ဆင်နေ

**စစ်ကိုင်း ဇွန် ၃**

စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် ပွဲတော်ကြီး ကျင်းပရေးဗဟိုဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ပျော်ပွဲရွှင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်း၊ သတင်းမှတ်တမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းလှအောင်တို့ ဦးဆောင်သောအဖွဲ့သည် မေ ၃၁ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကြေးသွန်းပညာရှင် တမ္ပဝတီဦးဝင်းမောင်၏တပည့် ဦးလှမြင့်၏ ပြည့်ဝမြန်မာမှုလုပ်ငန်းသို့ သွားရောက်၍ စစ်ကိုင်းမြို့ အိုးဘိုရပ်အဝိုင်းပတ်တွင် စိုက်ထူရန် သွန်းလောင်းလျက်ရှိသော အသင်္ခယာစောယွန်းမင်း၏ ကြေးသွန်းရုပ်တုကြီး ပြီးစီးမှုအခြေအနေကို ကြည့်ရှုကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



စစ်ကိုင်းမြို့အဝင် အိုးဘိုအဝိုင်းပတ်နေရာတွင် စစ်ကိုင်းမြို့ကိုတည်ထောင်ခဲ့သူ အသင်္ခယာစောယွန်းမင်း၏ အမြင့် ၁၃ ပေ ၉ လက်မအရွယ်ရှိ ကြေးသွန်းရုပ်တုကြီးအား အဝိုင်း သုံးဆင့်ခံ၍ စိုက်ထူမည်ဖြစ်ပြီး ပထမအဆင့် "ပုဂံခေတ်"၊ ဒုတိယအဆင့် "ပင်းယခေတ်"၊ တတိယအဆင့် "အင်းဝခေတ်"ဟူ၍ ပုံဖော်ထားပြီး အရပ်လေးမျက်နှာဖွင့် စိုက်ထူထားမည်ဖြစ်သည်။ အသင်္ခယာစောယွန်းမင်း၏ ကြေးသွန်းရုပ်တုကြီးသည် ပတ္တမြားကျောက်စီစား ကိုင်ဆောင်ထားပြီး ဝတ်ရုံခြုံထားသော ကြေးသွန်းရုပ်တုကြီးဖြစ်ပြီး ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ကြေးသွန်းရုပ်တုကြီးတွင် ကြေးပိဿာချိန် ၅၀၀ ကျော် ၆၀၀ ခန့် (တစ်တန်ခန့်)ကုန်ကျပြီး ကျပ်သိန်း ၃၅၀ တန်ဖိုးရှိကြောင်း ကြေးသွန်းပညာရှင်ဦးလှမြင့်က ပြောကြားခဲ့သည်။

စစ်ကိုင်းမြို့သည် မြန်မာနိုင်ငံ ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့ဖြစ်ပြီး ရှေးဘုရင်များလက်ထက်က "ဇေယျာပူရ"၊ "အတုလဝတီ"မြို့ဟု အမည်တွင်ခဲ့ပြီး ဧရာဝတီမြစ်သည် မြို့၏မြောက်ဘက်မှ လေးကိုင်းသဖွယ်စတင်၍ ကွေ့ဝိုက်ပြီး အရှေ့မှအနောက်သို့ စီးဆင်းသွားရာ လက်ယာဘက်ကမ်းတွင် မြို့တစ်မြို့တည်ရှိသဖြင့် "စကိုင်း"ဟု ခေါ်ခဲ့ရာမှ စစ်ကိုင်းဟူ၍ အမည်သညာတွင်ခဲ့ခြင်းဖြစ်သည်။

"သံတံတိုင်း"၊ "စစ်ကိုင်းတည် သာတိုးတိုင်း စစ်ကိုင်းတည်" စစ်ကိုင်းအမည်ရသော ရှေးစာဆိုအရ စစ်ကိုင်းမြို့ကို မြန်မာသက္ကရာဇ် ၆၇၇ ခုနှစ် ပင်းယခေတ်တွင် အသင်္ခယာစောယွန်းမင်းက တည်ထောင်ခဲ့သည်။ တရဖျား၊ ရွှေတောင်တက်၊ ကျစွာ၊ အနော်ရထာ၊ မင်းရဲ၊ တရဖျားငယ်၊ သီဟပတိဘွဲ့ခံမင်းပျောက်အစရှိသည့် မင်းခုနစ်ဆက် စိုးစံအုပ်ချုပ်ခဲ့သည့်ကာလမှာ (၅၂)နှစ်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၁၅ ခုနှစ်တွင် စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်မြောက်သွားပြီဖြစ်သည်။ စစ်ကိုင်းမြို့၏ သမိုင်းအဆက်ဆက် အစဉ်အလာကောင်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းမြို့အား ပိုမိုတန်ဖိုးထားချစ်မြတ်နိုးစေလိုခြင်းအလို့ငှာ တစ်သက်တစ်ခါ ကြုံတောင့်ကြုံခဲသော သမိုင်းဝင် အနှစ်(၇၀၀) ပွဲတော်ကြီးအား ကြီးကျယ်ခမ်းနားစွာဖြင့် ဇူလိုင် ၉ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်တွင် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်အရောင်းပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများဖြင့် ကျင်းပရန် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၃ ခုတို့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**



# သီပေါဟော်နန်းအဆောက်အအုံ ပြန်လည်ဖွင့်လှစ်ပြီ

**သီပေါ ဇွန် ၃**

ပြည်တွင်းပြည်ပ ဧည့်သည်များ စိတ်ဝင်တစားလေ့လာကြည့်ရှုရာနေရာတစ်ခုဖြစ်သော သီပေါမြို့ ဟော်နန်းအဆောက်အအုံကြီးကို သုံးလကျော် ခေတ္တပိတ်ထားရာမှ ယခုပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် ဧည့်သည်များအား နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီအထိတစ်ကြိမ် လက်ခံရှင်းလင်းပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီပေါမြို့ ဟော်နန်းအဆောက်အအုံကြီးကို ၁၉၂၄ ခုနှစ်က (၈၇)ဆက်မြောက်သီပေါစော်ဘွားကြီးစောအုံကြာ(MA)က ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အင်္ဂလိပ်အုပ်ချုပ်ရေးခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးအကြိုခေတ်တို့ကို ဖြတ်သန်းတည်ရှိလာခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ၁၉၆၂ ခုနှစ်အထိ နောက်ဆုံးသီပေါစော်ဘွား စဝ်ကြာဆိုင်၊ မဟာဒေဝီသုစန္ဒီ (မစ္စအင်ဂဲလ်အဲဗားဆိုင်)၊ သမီးလေး မာယာရီနှင့် ကိန္နရီတို့ မိသားစုနေထိုင်သွားခဲ့သည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှ ယခုအထိသီပေါစော်ဘွား စဝ်ကြာဆိုင်၏ တူတော် စဝ်ဦးကြာနှင့်ဇနီး ဒေါ်စဝ်စမ်ဖုန်း (မိုင်းရယ်စော်ဘွား၏ စတုတ္ထသမီးတော်)တို့မိသားစုနေထိုင်၍ စောင့်ရှောက်ထိန်းသိမ်းလာခဲ့သည်။

၁၉၉၆ ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ်သတ်မှတ်လိုက်ပြီးနောက် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားများ အများအပြား ဝင်ရောက်လည်ပတ်ခဲ့ကြရာ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သို့လည်း ရောက်ရှိခဲ့ကြသည်။ သီပေါမြို့သို့ နေ့စဉ်ဝင်ရောက်လာခဲ့ကြသော နိုင်ငံခြားသားများအပါအဝင် ပြည်တွင်းပြည်ပဧည့်သည်များကိုသီပေါဟော်နန်းအဆောက်အအုံသို့လည်း ဝင်ရောက်ကြည့်ရှုလေ့လာခွင့်ပြုရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် မေတ္တာရပ်ခံခဲ့သည်။ အဆိုပါ မေတ္တာရပ်ခံချက်ကြောင့် သီပေါဟော်နန်း အဆောက်အအုံသို့ နေ့စဉ်အချိန်သတ်မှတ်၍ လက်ခံဖွင့်လှစ်ပေးလာခဲ့ရာမှ ပြည်တွင်းပြည်ပဧည့်သည်များကို နေ့စဉ် အင်္ဂလိပ်/မြန်မာ/ရှမ်းဘာသာစကားတို့ဖြင့် ရှင်းလင်းပြောပြပေးခဲ့သူ အိမ်ရှင် ဒေါ်စဝ်စမ်ဖုန်း၏ ကျန်းမာရေးအခြေအနေကြောင့် ဆေးဝါးကုသမှုခံယူနေ၍ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ခေတ္တပိတ်ထားခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းခဲ့ရာ သီပေါမြို့ မိုင်းမော်ဝ်ဧကရီစာအုပ်တိုက်မှ ဒေါ်နန်းကြည်ပြာဦးက "ဒီသီပေါဟော်က အန်တီ စဝ်စမ်ဖုန်းရဲ့ ကျန်းမာရေးအခြေအနေအရ ဆေးဝါးကုသခဲ့ရတာမို့ ခုလို သုံးလကျော်ပိတ်ထားခဲ့ရတာပါ။ အန်တီစဝ်စမ်ဖုန်းက နေ့စဉ် လာသမျှ ပြည်တွင်းပြည်ပ ဧည့်သည်တွေကို တစ်ဦးတည်း ဒိုင်ခံရှင်းလင်းပြောပြနေတာလေ။ အန်တို့ရဲ့ အသက်အရွယ်အရရော ကျန်းမာရေးအခြေအနေအရပါ အလွန်ပင်ပန်းခဲ့ရပါတယ်။ ကျွန်မတို့ကတစ်ခါတစ်ရံသွားရောက်ကူညီပေးတာတော့ ရှိခဲ့ပါတယ်။ အမြဲတမ်းတော့မဟုတ်ပါဘူး။ ခုတော့ ပြည်တွင်းပြည်ပဧည့်သည်တွေ အများဆုံးစိတ်ဝင်တစားရှိကြတဲ့ သီပေါဟော်နန်းအဆောက်အအုံကို ပြန်ဖွင့်လှစ်ပြီး တစ်နေ့နှစ်ကြိမ် လက်ခံပေးနေပြီဖြစ်ပါတယ်" ဟု ရှင်းလင်းပြောပြခဲ့ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

# ရေစီးရေလာကောင်းမွန်စေရေး လမ်းကူးကွန်ကရစ်တံတားများ တည်ဆောက်

**သုံးခွ ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရန် သွေးလွန်တုပ်ကွေးရောဂါများ၊ အခြားသော ကူးစက်ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန် လမ်းကူးရာတွင် အဆင်ပြေလွယ်ကူစေရန် လမ်းကူးကွန်ကရစ်တံတား (Box Culvert) များ တည်ဆောက်လျက်ရှိသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် Box Culvert ၁၆ ခု တည်ဆောက်မည်ဖြစ်ပြီး ကျပ်သိန်း ၃၂၀ ကုန်ကျမည်ဟု သိရသည်။ ပထမဆုံး လမ်းကူးကွန်ကရစ်တံတားတစ်ခုကို ဓမ္မစေတီလမ်းနှင့် စည်သူလမ်းထောင့်တွင် ဇွန် ၂ ရက်က ရေမြောင်းများကို စက်ယန္တရားများဖြင့် တူးဖော်၍ တည်ဆောက်လျက်ရှိသည်။

**ကိုကျော်(သုံးခွ)**

■




## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မြို့လှ အထက ဒသမတန်း(B)တွင် ပညာသင်ကြား နေသော မဥမ္မာဖြိုး၏ ဖခင်အမည် မှန်မှာ ဦးချစ်ဝေ ၉/ရမသ(နိုင်)၁၃၀၁၇၄ ဖြစ်ပါသည်။ **ဦးချစ်ဝေ**

## မွေးနေ့ဆုတောင်း

ဇွန်လ(၂)ရက်တွင် ကျရောက်ခဲ့သော ချစ်တဲ့မေမေကြီး ဒေါ်စုစုလှိုင်၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ပါး ကျန်းမာပျော်ရွှင်အေးချမ်းစွာဖြင့် ချစ်တဲ့မိသားစုနှင့်အတူ ဘဝကိုဖြတ်သန်းနိုင်ပြီး လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်တဲ့မောင် - အောင်နိုင်ထွန်း(မြစ်ကြီးနား)**
**သားကြီး - စည်သူ + မြပွင့်ဖြူ**
**သားလတ် - အာကာ(ပြင်ဦးလွင်)**
**သားငယ် - ပြည့်ဖြိုး**
**မြေး - အောင်စည်ဦး**

# Imagine Dragons ESlhawl ဖျော်ဖြေခဲ့တဲ့ awvrqpfS



အမေရိကန်ပေါ့ပ်အဆိုတော် တေလာဆွစ်သည် သူ၏"1989" တေးစီးရီး နယ်လှည့်ဖျော်ဖြေပွဲတွင် "Radioactive"သီချင်းကို Imagine Dragons အမျိုးသားပေါ့ပ်ဂီတအဖွဲ့မှ ဒန်ရေနိုးစ်နှင့်အတူ တွဲဖက်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါဖျော်ဖြေပွဲကို အမေရိကန်နိုင်ငံ ဖိုဒ်ဘောလုံးကွင်းတွင်ပြီးခဲ့သည့် စနေနေ့က ကျင်းပခဲ့ခြင်းဖြစ်ကာ တေလာ၏ ကျော်ကြားမှုနှင့်အတူ ထူးခြားကောင်းမွန်သည့် အသံတို့ကြောင့် ပရိသတ်များ သောင်းသောင်းဖြဖြ အားပေးခဲ့ကြသည်။

**အေးပြည့်**

# Exoအဖွဲ့ရဲ့ ဒုတိယမြောက်အယ်လ်ဘမ် နှစ်လအတွင်း သန်းချီရောင်းချရ



ကိုရီးယားပေါ့ပ်အဆိုတော်အဖွဲ့ Exo ၏ ဒုတိယမြောက်တေးစီးရီးအယ်လ်ဘမ် EXODUS (Love Me Right )ကို မတ် ၃၀ ရက်တွင် ထုတ်လုပ်ဖြန့်ချိခဲ့ရာ အခွေပေါင်း ၁၁၂၅၀၂၀ ရောင်းချခဲ့ရသဖြင့် နှစ်လအတွင်း သန်းချီရောင်းချရသော အခွေတစ်ခွေအဖြစ်စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအခွေသည် တောင်ကိုရီးယားနိုင်ငံ၏ အကောင်းဆုံးကေပေါ့ပ်တေးသီချင်းများ စာရင်းတွင် စံချိန်တင်ဝင်ရောက်ခဲ့သည်ဟု KST က ဇွန် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

Exo ၏ပထမအခွေဖြစ်သည့် Xo Xo သည် 2013 Mnet Asian Music Awards တွင် အကောင်းဆုံးတေးစီးရီးအယ်လ်ဘမ်ဆုကို ရရှိခဲ့ပြီး ခုနှစ်လအတွင်း သန်းချီရောင်းချခဲ့ရသည်။

Exo အဖွဲ့သည် လက်ရှိကိုရီးယားနိုင်ငံအတွင်း ဂီတဆုပေါင်း ၁၈ ဆုကိုရရှိထားပြီး 95th spot on Billboard 200 စာရင်းတွင် ကိုရီးယားအမျိုးသားပေါ့ပ်ဂီတအဖွဲ့အနေဖြင့် ပထမဆုံးပါဝင်နိုင်ခဲ့သည့်အဖွဲ့လည်းဖြစ်သည်။ **ပန်းသော်တာ**

# တေလာဆွစ်ချစ်သူ ကယ်လ်ဗင်ဟဲရစ် ၂၀၁၅ခုနှစ်အတွက် ပေးအပ်သည့် Man of the Year ဆုရရှိ

ဇွန် ၂ ရက် (အင်္ဂါနေ့)ညက လန်ဒန်မြို့ ဘာဂလေရင်ပြင်၌ ကျင်းပခဲ့သည့် Glamour Awards 2015ဆုပေးပွဲတွင် အဆိုတော်တေလာဆွစ်၏ ချစ်သူ ဒီဂျေပညာရှင်ကယ်လ်ဗင်ဟဲရစ်က ယခုနှစ်အတွက် Man of the year ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်းသိရသည်။

ဂီတအနုပညာ၊ ပညာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ အားကစား၊ သိပ္ပံနှင့် ဆေးပညာစသည့် နယ်ပယ်အသီးသီးတွင် ထူးချွန်သောသူများအား နှစ်စဉ်ချီးမြှင့်လေ့ရှိသည့် Glamour Awards ဆုပေးပွဲအခမ်းအနားကို မင်းသမီး ကယ်ရီဝါရှင်တန်၊ ဂိုဒီဟန်နှင့် အခြားနာမည်ကြီးဟောလိဝုဒ်ကြယ်ပွင့်များလည်း တက်ရောက်ခဲ့ကြသည်။

အဆိုပါဆုပေးပွဲတွင် ယခုနှစ်အတွက် Man of the Year ဆုကိုရရှိခဲ့သည့် ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်က မမျှော်လင့်ဘဲ ဆုရရှိခဲ့သည့်အတွက် အလွန်ပင်ဝမ်းမြောက်မိကြောင်း သူ၏ အင်စတာဂရမ်တွင်ရေးသားဖော်ပြခဲ့သည်။

စကော့တလန်လူမျိုး အဆိုတော် ကယ်လ်ဗင်ဟဲရစ်သည် ငယ်ရွယ်စဉ်ကလေးဘဝကတည်းကပင် အီလက်ထရွန်နစ်ဂီတကို စိတ်ဝင်စားမှုရှိခဲ့ပြီး အသက် (၁၅) နှစ်အရွယ်တွင် စတင်၍ဒီဂျေကို စတင်လုပ်ကိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ခဲ့သည့် ပထမဆုံးတေးစီးရီးအယ်လ်ဘမ်ဖြစ်သည့် I Created Disco နှင့် 18 Months သီချင်းအယ်လ်ဘမ်များသည် ယူကေ၏ထိပ်ဆုံး နံပါတ်(၁၀) တေးစီးရီးအယ်လ်ဘမ်များစာရင်းတွင် ပါဝင်ခဲ့သည်။ **ဆုမြတ်**

# ရုပ်မြင်သံကြားအစီအစဉ်များ

၄ - ၆ -၂၀၁၅ (ကြာသပတေးနေ့)

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၁၆)
၆း၃၅ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာသံဝေဂရယူပါ
၇း၃၅ အနုပညာ သတင်းအစီအစဉ်
၈း၃၅ မြို့ပြဖွံ့ဖြိုးမှုနဲ့အတူ သီလဝါအထူးစီးပွားရေးဇုန်
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၁၀း၃၅ ဖွံ့ဖြိုးမှုဆီဦးတည် သန်းခေါင်စာရင်း အချက်အလက်တွေမှသည်
၁၂း၅၀ ဝေရောစန ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်
၂း၃၅ "မနီတို့၏ ရွာနှင့်မြစ်"
၄း၃၅ လျှေစီးသွားလာသူများအရေးနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးခြင်း (အပိုင်း-၁)
၆း၃၅ ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဘောလုံးပြိုင်ပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာယူ-၂၃ အသင်းနှင့် စင်ကာပူယူ-၂၃ အသင်း)
- ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ခြေခြေမြစ်မြစ်
နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရ ဂီတရိပ်သာ (အပိုင်း-၆၆)
၆း၁၅ "ငါတို့ချစ်တဲ့ အမိမြေ" (အပိုင်း-၃)
၆း၃၀ "ရွှေခြင်းလုံးရဲ့ ရာဇဝင်" (ဖိုးချစ်၊ ဟန်နွေငြိမ်း) (ဒါရိုက်တာ-ဂျိုး)
၆း၅၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၃၄)
၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ" (အပိုင်း-၇၃)
၈း၃၅ တေးဂီတအစီအစဉ်
၈း၅၀ "မဆုံးနိုင်သော ချစ်ခြင်းမေတ္တာ" (ပထမပိုင်း)
၉း၃၅ တေးဂီတအစီအစဉ်
၉း၅၀ "လောင်းမလားဒို့ မြန်မာနိုင်ရမည်" (မြင့်မြတ်၊ ချစ်တိုး၊ ယုသန္တာတင်၊ နန်းသီရိမောင်) (ဒါရိုက်တာ-ဂျိုး)
၁၀း၂၀ ASEAN-Japan Cultural Show (2013)
၁၀း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "မျှော်လင့်ခြင်းမိုးတိမ်" (ဟိန်းဝေယံ၊ ကျော်သူ၊ မေသဥ္ဇာဦး၊မေကဗျာ) (ဒါရိုက်တာ-ကုသိုလ်)
၁၂း၀၀ အစီအစဉ်ပြီး

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။**

ညပိုင်း
၆း၃၅ ၂၀၁၅ ခုနှစ် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဘောလုံးပြိုင်ပွဲ)တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာယူ-၂၃ အသင်းနှင့် စင်ကာပူယူ-၂၃ အသင်း)

## မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ ရွှေးဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၀၀ မြန်မာသံစဉ်ချိုနှားဝင်
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ မော်အနုပညာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၄၄)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ အပိုင်း(၄၄)
- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဟိုတယ်ဘုရင် (အပိုင်း-၃၈)

## MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် +ဇဂ္ဂသုတ်
၈း၀၀ Cartoon Series (Go Go Giggles)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၈)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၁း၀၀ Food & Decor
၁၁း၃၀ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၁)
၁း၀၀ "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၈၀) တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ကျား‌နဲ့ဆင်)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၀)
၅း၅၀ Miss Myanmar World 2015
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၁)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (ကြောင်နဲ့ကြွက်)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၉)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၂)
၃း၁၅ Education Talk (မြန်မာစာသင်ကြားရေးနှင့် အခြေခံပညာ)
၃း၅၅ မုံရွာမြို့သို့အလည်တစ်ခေါက်

# မျက်နှာဖုံးရှင်ဖြစ်လာတဲ့ ဘရူးခ်ဂျန်နာ တစ်ဖြစ်လဲ ကိတ်ထ်လင်န်

အိုလံပစ်ချန်ပီယံဟောင်း ဘရူးစ်ဂျန်နာသည် အမျိုးသမီးတစ်ဦးအဖြစ် ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် မျက်နှာဖုံးရှင်အဖြစ် ဇူလိုင်လ၌ ထွက်ရှိမည့် Vanity Fair မဂ္ဂဇင်းတွင် ပထမဦးဆုံးဖော်ပြခြင်းခံခဲ့ရသည်။

ဘရူးစ်၏ ပြောင်းလဲမှုသည် ၂၀၁၅ ခုနှစ်အတွင်း အကြီးမားဆုံးသော ဖွင့်ဟခဲ့မှုဖြစ်ကာ အဆိုပါ မဂ္ဂဇင်းအတွက် ဓာတ်ပုံများကို နာမည်ကျော်ဓာတ်ပုံဆရာ အန်နီလီဗိုဗီဇ်က ရိုက်ကူးပေးခဲ့သည်။

အမျိုးသမီးတစ်ဦးအဖြစ် ပြောင်းလဲခဲ့ပြီဖြစ်သော တစ်ခါက ဘရူးစ်က သူ့ကိုယ်သူ ကိတ်ထ်လင်န်ဟု အမည်ပေးထားပြီး နာမည်ကို Kaitlyn ဟု K နှင့် စာလုံးမပေါင်းဘဲ Caitlyn ဟု C နှင့် စာလုံးပေါင်းထားသည့်အတွက်လည်း စိတ်ဝင်စားစရာအချက်တစ်ချက်ဖြစ်ခဲ့သည်။

ကိတ်ထ်လင်န်က သူ၏တွစ်တာစာမျက်နှာပေါ်တွင် "ကျွန်မရဲ့ ကိုယ်ပိုင်စိတ်နဲ့ရှင်သန်ဖို့ ရုန်းကန်ခဲ့ရတာ အခုတော့ ကိတ်ထ်လင်န်ဆိုတဲ့ ဘဝကို ကြိုဆိုလိုက်နိုင်ပါပြီ"ဟု ဖော်ပြခဲ့သည်။

ကတ်ထ်လင်န်သည် သူ၏မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံကို တွစ်တာစာမျက်နှာပေါ်၌ ဖော်ပြခဲ့ပြီး လေးနာရီအတွင်း တွစ်တာပရိသတ် လေးသန်းခန့် ထပ်မံရရှိခဲ့သည်။

**အေးပြည့်**



အားကစား

# မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့်မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ IBTC (International Beverages Trading Co., Ltd)မှ အဓိက ကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်၏ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဌာနကြီးမှူး ဦးသန်းထွန်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် IBTC မှ Executive Director ဦးတင့်ဦးတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၃၀၊ အပျော်တမ်းအဆင့် အမျိုးသား ၁၀၂ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်းအားကစားသမား ၁၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ဖိုးသော်ဇင်**

# ဆီးဂိမ်းပြိုင်ပွဲအတွက် ဂေါက်သီးရိုက်အားကစားသမားများ ရွေးချယ်

**ရန်ကုန် ဇွန် ၃**

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် အမျိုးသားအားကစားသမားလေးဦးနှင့် အမျိုးသမီးအားကစားသမားသုံးဦး အပြီးသတ်ရွေးချယ်ခဲ့ပြီးဖြစ်သည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားပြိုင်ပွဲအား ဇွန် ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အမျိုးသား အမျိုးသမီးအသင်းများသည် တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်အသင်းသည် ဇွန် ၆ ရက်တွင် စတင်ထွက်ခွာ၍ ဇွန် ၁၃ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး လက်ရွေးစင်အမျိုးသားအသင်းတွင် မောင်မောင်ဦး၊ စည်သူရဲရင့်၊ ဖုန်းပြည့်ချမ်းဟန်၊ ဟိန်းစည်သူတို့နှင့် လက်ရွေးစင်အမျိုးသမီးအသင်းတွင် ယဉ်မေမျိုး၊ မေဦးခိုင်၊ ဖူးပွင့်ရတီခိုင်တို့က မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဖီဖာဥက္ကဋ္ဌတာဝန် ဘယ်သူဆက်ခံခွင့်ရမလဲ

အခုလက်ရှိ ဖီဖာဥက္ကဋ္ဌတာဝန်ယူနေတဲ့ ဆပ်ဘလတ္တာကတော့ အမေရိကန်ပြည်ထောင်စုမှာ စုံစမ်းစစ်ဆေးမှုခံယူနေရတဲ့ သတင်းတွေ ထွက်ပေါ်လာတာကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့(ဖီဖာ)ဥက္ကဋ္ဌအဖြစ်ကနေ နုတ်ထွက်ဖို့ တာဆူနေပါပြီ။ဒါပေမယ့် သူ့အနေနဲ့ အမှားဘာတစ်ခုမျှ မလုပ်ခဲ့ဘူးဆိုတာလည်း ဆိုထားပါတယ်။

အကျင့်ပျက်ခြစားမှုကြောင့် ဖီဖာရဲ့ ထိပ်တန်းတာဝန်ရှိသူ ၁၄ ဦးအထိ စွဲချက်တင်ခံခဲ့ရပြီး ခုနစ်ဦးအထိ ဖမ်းဆီးခံထားခဲ့ရပေမယ့် ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲကို ပြီးခဲ့တဲ့သီတင်းပတ်က ကျင်းပဖြစ်အောင် ကျင်းပခဲ့ကြပါတယ်။ အဲဒီ ရွေးချယ်ပွဲမှာ ဆွစ်ဇာလန်နိုင်ငံသား ဆပ်ဘလတ္တာဟာ ဖီဖာဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရပါတယ်။

အခုတော့ ဆပ်ဘလတ္တာအနေနဲ့ ဖီဖာဥက္ကဋ္ဌရာထူးတာဝန်ကို မထမ်းဆောင်လိုတော့ဘဲ ရာထူးကနေနုတ်ထွက်ဖို့ စီစဉ်နေပါပြီ။ ဒါပေမယ့် သူ့အနေနဲ့ နောက်ထပ်အစားထိုးဝင်ရောက်လာမယ့် ဖီဖာဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်ပြီးတဲ့အချိန်အထိ သူ့ရဲ့တာဝန်ကို ဆက်လက်ယူသွားမယ်လို့လည်း ဆပ်ဘလတ္တာက ဖွင့်ဟပြောကြားထားပါတယ်။

ဒါ့ကြောင့် ဖီဖာကွန်ဂရက်အနေနဲ့ နောက်ထပ်ဖီဖာဥက္ကဋ္ဌတစ်ဦးရွေးချယ်ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာနဲ့ ၂၀၁၆ ခုနှစ် မတ်လအတောအတွင်းမှာ ကျင်းပဖို့ စီစဉ်နေပါပြီ။ အဲဒီဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲကနေ ဖီဖာဥက္ကဋ္ဌဘယ်သူ ဖြစ်လာမလဲဆိုတာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။




ပြီးခဲ့တဲ့တစ်ပတ်က ကျင်းပခဲ့တဲ့ ဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ မဲပေးဆုံးဖြတ်မှုအရ ဆပ်ဘလတ္တာဟာ မဲအရေအတွက်များခဲ့တာကြောင့် ဖီဖာဥက္ကဋ္ဌရာထူးတာဝန်ဆက်ပြီးထမ်းဆောင်ဖို့ အကြောင်းဖန်လာခဲ့ပါတယ်။ အဲဒါကြောင့် မင်းသား အလီဘင်အယ်လ်ဟူစိန်ဟာ ဆပ်ဘလတ္တာထက် မဲအရေအတွက်နည်းခဲ့တာကြောင့် ဖီဖာဥက္ကဋ္ဌရာထူး မျှော်လင့်ချက်ဟာ သဲထဲရေသွန်ဖြစ်ခဲ့ရပါတယ်။

ဂျော်ဒန်နိုင်ငံသား မင်းသား အလီဘင်အယ်လ်ဟူစိန်အနေနဲ့ ဖီဖာဥက္ကဋ္ဌတာဝန်ကို အမြဲတမ်းထမ်းဆောင်လိုတဲ့အကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့အပြင် ဖီဖာဥက္ကဋ္ဌဖြစ်လာခဲ့ရင် ဘောလုံးလောကကို အဆင့်မြင့်မားအောင် စွမ်းဆောင်ပေးသွားဖို့ ဆန္ဒရှိခဲ့တယ်ဆိုတာလည်း ပြောကြားခဲ့ပါသေးတယ်။

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဥက္ကဋ္ဌ မိုက်ကယ်ပလာတီနီဟာလည်း ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသေးတယ်။ ဒါပေမယ့် လက်ရှိဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကို ကျော်ပြီး ဖီဖာဥက္ကဋ္ဌတာဝန်ကို ယူဖို့တော့ ဆန္ဒမရှိပါဘူးဆိုတာ အတိအလင်းပြောခဲ့ပါတယ်။

ပြင်သစ်လက်ရွေးစင်ကစားသမားဟောင်း ဒေးဗစ်ဂျီနိုလာကလည်း ဖီဖာဥက္ကဋ္ဌတာဝန်ယူရန် ဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ဝင်ပြိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့ အရင်တုန်းကရရှိခဲ့တဲ့ အောင်မြင်မှုအခွင့်အလမ်းတွေက ဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ အရာမထင်ခဲ့ပါဘူး။ ၁၉၉၈ ခုနှစ်ကတည်းက တာဝန်ယူခဲ့တဲ့ ဆပ်ဘလတ္တာပဲ ဖီဖာဥက္ကဋ္ဌ ပြန်လည်ရွေးချယ်ခံခဲ့ရပါတယ်။ ဆပ်ဘလတ္တာအနေနဲ့ ဖီဖာဥက္ကဋ္ဌတာဝန်ကနေ နုတ်ထွက်တော့မှာဖြစ်တဲ့အကြောင်း လူသိရှင်ကြားပြောကြားလာတာကြောင့် ဖီဖာဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မယ့်သူကို ပြန်လည်ရွေးချယ်ရမှာဖြစ်လို့ လာမယ့်ဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ဘယ်သူကံထူးရှင်ဖြစ်လာမလဲဆိုတာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ကြရပါဦးမယ်။

**ငွေကြယ်**

# ဂျိမ်းစ်မီလ်နာအား ခေါ်ယူရန် လီဗာပူးနှင့် အာဆင်နယ်အပြိုင်စိတ်ဝင်စား

အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ ကွင်းလယ်ကိုအားဖြည့်ရန်အတွက် မန်စီးတီးအသင်း၏ ဝါရင့်ကစားသမား ဂျိမ်းစ်မီလ်နာအား ခေါ်ယူရန်အပြိုင်စောင့်ကြည့်နေကြောင်းသိရသည်။

လီဗာပူးအသင်းမှာ လာမည့်နွေကာလတွင် ထိပ်တန်းအဆင့် ကွင်းလယ်လူတစ်ဦး မဖြစ်မနေခေါ်ယူအားဖြည့်ရန် ဆန္ဒရှိနေပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရရှိဖွယ်ရှိနေသည့် မီလ်နာအား စိတ်ဝင်စားလာခြင်းဖြစ်သည်။ ထို့ပြင် အာဆင်နယ်အသင်းမှာလည်း ၎င်းအား စိတ်ဝင်စားနေကြောင်း သတင်းများထွက်ပေါ်နေပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းနှင့်အပြိုင် ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းမှာလည်း ထိပ်တန်းကစားသမားသစ်များထပ်မံခေါ်ယူနိုင်ရန် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် မီလ်နာအား အသင်းမှထွက်ခွာခွင့်ပြုသွားဖွယ်ရှိနေပြီး ကစားသမားကိုယ်တိုင်မှာလည်း အသင်းပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။

လီဗာပူးအသင်းမှာ မီလ်နာအား မန်စီးတီးအသင်းသို့မရောက်ရှိမီကာလကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးပြီး အက်စတွန်ဗီလာအသင်း၏ ငြင်းဆန်ပယ်ချမှုကြောင့် ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းအပြောင်းအရွှေ့မှာ လာမည့်ကာလအနည်းငယ်အတွင်း ဖြစ်မြောက်လာဖွယ်ရှိပြီး ကစားသမားကိုယ်တိုင်၏ ရွေးချယ်မှုအပေါ်သာ မူတည်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

**ကိုရဲ**

# ဝေါ်ရင်ကာအားရှုံးနိမ့်ကာ ဖက်ဒဲရာပြင်သစ်အိုးပင်းကိုနုတ်ဆက်ခဲ့ရ

ပြင်သစ်အိုးပင်းကွာတားဖိုင်နယ်ပွဲစဉ်တွင် နိုင်ခြေအဆင့်(၂)သတ်မှတ်ခံရသူ ဆွစ်ဇာလန် တင်းနစ်အကျော်အမော် ဖက်ဒဲရာက တစ်နိုင်ငံတည်းသား ဝေါ်ရင်ကာအား၆-၄၊ ၆-၃၊ ၇-၆(၇-၄)ဖြင့်ရှုံးနိမ့်ကာ ဂရင်းစလင်းပြိုင်ပွဲကြီးအား လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။

ဝေါ်ရင်ကာသည် ယခုပွဲမတိုင်မီယှဉ်ပြိုင်ခဲ့သောဂရင်းစလင်းပြိုင်ပွဲလေးပွဲတွင်ရှုံးနိမ့်ထားခဲ့သော်လည်းယခုပွဲစဉ်၌ ဒေးဗစ်ဖလားပြိုင်ပွဲဝင် ဆွစ်ဇာလန်အသင်းဖော်ဖက်ဒဲရာအား လက်စွမ်းပြကာ အနိုင်ကစားနိုင်ခဲ့သည်။ ဂရင်းစလင်းစံချိန်တင်ဆုရှင် ဖက်ဒဲရာအနေဖြင့်မူ (၁၈)ကြိမ်မြောက် ဂရင်းစလင်းချန်ပီယံဆုကိုင်မြှောက်ခွင့်အား စောစီးစွာလက်လွှတ်ခဲ့ရပြီဖြစ်သည်။

ဖက်ဒဲရာက“ ကျွန်တော်ရက်အနည်းငယ်လောက်နားပြီးရင် ဝင်ဘယ်လ်ဒန်ပွဲအတွက်ပြင်တော့မှာပါ။ ဒါက အခုကျွန်တော့်ရည်မှန်းချက်ပေါ့။ဘယ်နေရာမှာပဲဖြစ်ဖြစ်အကောင်းဆုံးကစားချင်တာကျွန်တော့်ဆန္ဒပါ။ ဒီပွဲမှာလည်း ကောင်းကောင်းကစားနိုင်ခဲ့တယ်လို့ပဲ အကောင်းဘက်ကနေ တွေးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွစ်ဇာလန်နိုင်ငံသားတစ်ဦး ပြင်သစ်အိုးပင်း အကြိုဗိုလ်လုပွဲအဆင့်ထိတက်ရောက်နိုင်ခဲ့တာပဲလေ”ဟု ပွဲအပြီးတွင်ပြောကြားခဲ့သည်။

ယခုပွဲတွင် ဖက်ဒဲရာသည် စပေးဘောပေးရာတွင်ပြိုင်ဘက်အား အသာရအောင် ထိထိမိမိ မကစားနိုင်ခဲ့ဘဲ ပထမပွဲငယ်၏ တတိယပွဲစဉ်၊ ဒုတိယပွဲငယ်၏ သတ္တမပွဲစဉ်များတွင် အမှားများကျူးလွန်ခဲ့ခြင်းကြောင့် တန်ဖိုးကြီးကြီးပေးဆပ်ခဲ့ရခြင်းဖြစ်သည်။ယင်းပွဲအနိုင်ကြောင့် ၂၀၁၄ ဩစတြေးလျအိုးပင်းချန်ပီယံ ဝေါ်ရင်ကာအနေဖြင့် ပြင်သစ်အိုးပင်းအကြိုဗိုလ်လုပွဲအဆင့်သို့ ပထမဆုံးအကြိမ်တက်ရောက်လာနိုင်ခဲ့သည်။

ဝေါ်ရင်ကာသည် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်နိုင်ငံသား ဆွန်ဂါနှင့် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆွန်ဂါသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ ဂျပန်နိုင်ငံသား နီရှီကိုရီအား ၆-၁၊ ၆-၄၊ ၄-၆၊ ၃-၆ဖြင့်အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

**ရှိုင်းယန်ဟောဒင်**

# ဒိုင်ဘာလာ ဂျူဗင်တပ်သို့ပြောင်းရွှေ့ကစားမည် ဂျူဗင်တပ်ကခေါ်ယူရန် စိတ်ဝင်စားနေသည်ကို မိမိ မသိခဲ့ဟု ကာဗာနီဆို



ပါလာမိုအကြီးအကဲဇမ်ပရီနီကအသင်းရဲ့ အားထားရတဲ့တိုက်စစ်မှူး ဒိုင်ဘာလာကို ဂျူဗင်တပ်က ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်း အထိပေးပြီး ကမ်းလှမ်းလာခဲ့လို့ ပါလာမိုဘက်ကလက်ခံသဘောတူလိုက်တာဖြစ်တယ်လို့ဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေ ၂ ရက်ကပဲ ဒိုင်ဘာလာကဒီနှစ်နွေမှာ ဂျူဗီကိုပြောင်းရွှေ့ကစားတော့မယ်လို့အတည်ပြုပြောကြားခဲ့ပါတယ်။ ဒီအပြောင်းအရွှေ့ကို ဇမ်ပရီနီကိုယ်တိုင်ကတောင် ပါလာမိုအတွက် အမြတ်ကြမ်းတဲ့အရောင်းအဝယ်စာရင်းတစ်ခုလို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အသက်(၂၁)နှစ်သာရှိသေးတဲ့ဒိုင်ဘာလာဟာ သူရဲ့စီးရီးအေရာသီအစမှာပဲ စုစုပေါင်း ၃၄ ပွဲဝင်ရောက်ကစားခဲ့ရာမှာ ၁၃ဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့်သူ့ကိုဂျူဗင်တပ်ကခေါ်ယူဖို့ကြိုးပမ်းလာသလိုပရီမီယာလိဂ်အင်အားကြီးအသင်းတွေဖြစ်တဲ့ အာဆင်နယ်၊ မန်ယူတို့ကလည်း မျက်စိကျလာခဲ့ပါတယ်။

ပီအက်စ်ဂျီတိုက်စစ်မှူးကာဗာနီကတော့သူ့ကိုခေါ်ယူဖို့ ဂျူဗင်တပ်ကကြိုးပမ်းနေတယ်ဆိုတာမသိရှိဘဲ အခုမှသိရှိရပေမယ့် ပီအက်စ်ဂျီမှာပဲဆက်ရှိနေမှာ သေချာတယ်လို့ဆိုလိုက်ပါတယ်။ ကာဗာနီဟာ ဒီနှစ် ပီအက်စ်ဂျီဖလားသုံးလုံးဆွတ်ခူးခဲ့ရာမှာ အဓိကကျတဲ့ အစိတ်အပိုင်းအဖြစ်ပါဝင်ခဲ့ပြီးဒီနှစ်ဘောလုံးရာသီတစ်ရာသီထဲမှာပဲစုစုပေါင်းသွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တဲ့ကစားသမားလည်းဖြစ်ပါတယ်။ကာဗာနီက ဂျူဗီလိုထိပ်တန်းအသင်းကြီးက စိတ်ဝင်စားနေတယ်ဆိုတာသိရလို့ ဂုဏ်ယူပေမယ့်ဘာတစ်ခုမှပြောင်းလဲသွားမှာမဟုတ်ဘူးလို့လည်း ကတိပေးပြောကြားခဲ့ပါတယ်။

ဇမ်ပရီနီကပါလာမန်တိုသတင်းစာနဲ့အင်တာဗျူးပြုလုပ်စဉ်မှာ “ဒါကနှစ်ဖက်အသင်းနှစ်သင်းလုံးအတွက် အကောင်းဆုံးအရောင်းအဝယ်ကိစ္စတစ်ခုပါပဲ။ ဒိုင်ဘာလာဟာ ဘယ်လောက်ကောင်းတယ်ဆိုတာ ဂျူဗီအကြီးအကဲမာရော့တာကလည်းသိတာပေါ့ဗျာ။သူဟာဘောလုံးကိုဉာဏ်နဲ့ယှဉ်ပြီးကစားတတ်တဲ့မက်ဆီလက်သစ် ကစားသမားမျိုးပါ။ ဂျူဗီကသူ့အတွက်ပေါင်၃၂သန်းအပြင် စွမ်းဆောင်ရည်အပေါ်လိုက်ပြီး အပိုဆုကြေးပေးလည်း ထပ်ပေးဦးမှာပါ။ ဂျူဗီမှာပဲသူရဲ့ထိုက်တန်တဲ့ အဆင့်တစ်ရပ်ကို ရရှိနိုင်မှာမို့ကျွန်တော်တို့ကသူ့ကို လက်လွှတ်ပေးလိုက်တာပါ” လို့ဖြေကြားပေးခဲ့ပါတယ်။

ဆက်လက်ပြီး ဇမ်ပရီနီက ဒိုင်ဘာလာကိုအင်တာ၊အေစီမီလန်၊ ဂျူဗင်တပ်အပြင် အီတလီပြင်ပဥရောပအသင်းကြီး တော်တော်များများက ခေါ်ယူဖို့ကြိုးပမ်းခဲ့ပေမယ့် ကစားသမားကိုယ်တိုင်က ဂျူဗီကိုသာပြောင်းရွှေ့ဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

**ရှိုင်းယန်ဟောဒင်**

ဆောင်းပါး

# အဖိုးတန်သယံဇာတသဘာဝတောများအမွန့်ရှည်ပါစေ

**a ရွှေပြည်သာတောခေါင်းကြီး**

မြန်မာနိုင်ငံဟာ တောင်နဲ့မြောက် မိုင်ပေါင်း ၁၃၀၀ ခန့်ရှိပြီး အရှေ့အနောက် မိုင် ၅၀၀ ခန့် အကျယ်အဝန်းရှိပါတယ်။ တောင်ကုန်းတောင်တန်းများနှင့် မြစ်ချောင်းအင်းအိုင် ပထဝီအနေအထား အလွန်ကောင်းမွန်ပါတယ်။ ရွှေ၊ မိုး၊ ဆောင်း ဥတုသုံးပါး ထင်ထင်ရှားရှားရှိခဲ့ပြီး မြေပေါ်မြေအောက် အဖိုးတန်သယံဇာတနဲ့ပြည့်စုံတဲ့ နိုင်ငံပါ။ ကမ္ဘာပေါ်မှာ အစစအရာရာပြည့်စုံကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံကြီးများမှာ ရေခဲပြင်နှင့် သဲကန္တာရများမှတစ်ပါး နိုင်ငံအလိုက် သစ်တောကြီးများရှိကြပါတယ်။ သို့သော် မြန်မာနိုင်ငံမှာသာ ပေါက်ရောက်တဲ့ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ အင်ကညင်စတဲ့ အဖိုးတန်သစ်များ မရှိကြပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံဟာ ထူးခြားတဲ့နိုင်ငံဖြစ်ပါတယ်။

မြန်မာ့ကျွန်းနှင့် အခြားသဘာဝသစ်တောကြီးများကို စနစ်တကျ လက်တွေ့သုတေသနပြုလုပ်ပြီး ထိန်းသိမ်းစောင့်ရှောက်လာတာ ၁၈၅၆ ခုနှစ်က စခဲ့တာပါ။ သစ်တောဝန်ထမ်းများ မွေးမြူသင်တန်းပေးပြီး သစ်တောဌာန ဖွဲ့စည်းခဲ့တာလည်း ၁၈၅၆ ခုနှစ်ကပင်ဟု ဆိုရပါမယ်။ ရှေးမြန်မာမင်းများလက်ထက်က သစ်တောပြုစုထိန်းသိမ်းစောင့်ရှောက်ပုံကို အနည်းငယ်မျှ ဖော်ပြလိုပါတယ်။ ကျွန်းပင်၊ ကျွန်းသစ်ကို ရှင်ဘုရင်ပိုင် (တော်သစ်) အဖြစ် သတ်မှတ်ပြီး လွတ်လပ်စွာ ခုတ်လှဲသုံးစွဲခွင့်မပြုပါ။ အင်းအိုင်၊ ရေကန်၊ ရေကာတာကြီးများရဲ့ ရေစီးဝင်ရာဒေသများကိုလည်း သစ်ပင်၊ သစ်တော ခုတ်လှဲဖျက်ဆီးခြင်းမပြုရ။ တောတွင်းသားငှက်တိရစ္ဆာန်များကိုလည်း ဘုန်းတော်ကြီးကျောင်းနှင့် ဘာသာရေးအဆောက်အအုံ စေတီပုထိုးများ ပတ်ဝန်းကျင်မှာ ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရ။ အဘရဘေးမဲ့တောအဖြစ် သတ်မှတ်ပြီး ကာကွယ်ထားပါတယ်။ ဒါဟာ မြန်မာမင်းများရဲ့ သဘာဝတောနှင့် သားငှက်တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်တဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ပဲခူးဒေသအထိ အင်္ဂလိပ်ကသိမ်းယူပြီး သစ်တောကာကွယ်စောင့်ရှောက်ရေးကိုလည်း ထိုအချိန်ကပင် စတင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မြန်မာမင်းများ လုပ်နည်းလုပ်ဟန်အတိုင်း ကျွန်းနှင့် အခြားသစ်မာအချို့ကို နိုင်ငံပိုင်အဖြစ်သတ်မှတ်ပြီး သစ်တောကြိုးဝိုင်းများနှင့် သားငှက်တိရစ္ဆာန်ဘေးမဲ့တောများ ဖွဲ့စည်းကာကွယ်ခြင်းများကို ဥပဒေပြုပြဋ္ဌာန်းပြီး စတင်ဆောင်ရွက်ခဲ့တယ်။

ပထမဦးဆုံး သဘာဝတောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ဖို့ အိန္ဒိယဘုရင်ခံချုပ် လော့ဒလဟိုဇီက ဂျာမန်အမျိုးသား ရုက္ခဗေဒပညာဘွဲ့ရ သစ်တောပညာရှင် ဒေါက်တာဘုရန်းဒစ်ဆိုသူကို စေလွှတ်တာဝန်ပေးအပ်ခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်က ဗြိတိသျှရေတပ်သင်္ဘောများ တည်ဆောက်ရာမှ မြန်မာနိုင်ငံ ပဲခူးဒေသမှ ကျွန်းသစ်များကို ထုတ်ယူသုံးစွဲဖို့ ဖြစ်ပါတယ်။ သို့သော် ဒေါက်တာဘရန်းဒစ်က သစ်တောပညာရှင်ဖြစ်သည့် အားလျော်စွာ သစ်တောများ ပြုန်းတီးပျက်စီးခြင်းမဖြစ်အောင် ထာဝစဉ်တည်တံ့ခိုင်မြဲအောင် အိန္ဒိယနိုင်ငံမှာကဲ့သို့ ကျွန်းတောများ ပျက်စီးပျောက်ကွယ်သွားခြင်းမရှိအောင် စီမံကိန်းရေးဆွဲ စည်းကမ်းတကျ ဆောင်ရွက်သူဖြစ်ပါတယ်။

ရှေးဦးစွာ ကျွန်းပင်ပါဝင်ပေါက်ရောက်မှုကို တောနင်းစာရင်းကောက်ယူပြီး ကျွန်းပင်ရဲ့ အသက်အလိုက် ကြီးထွားတိုးတက်နှုန်းကိုလည်း လေ့လာပါတယ်။ ခုတ်လှဲထုတ်ယူရမည့် ကျွန်းပင်အရွယ်အစားနှင့် အပင်အရေအတွက်ကိုလည်း စနစ်တကျလေ့လာပြီး အလှည့်ကျဝင်ရောက်လုပ်ကိုင်ရမည့် သစ်ကွက်ကို သတ်မှတ်ပေးပါတယ်။ သဘာဝတော၏ သစ်ထွက်နိုင်သည့်အင်အားထက် ကျော်လွန်ခုတ်လှဲထုတ်ယူခြင်းမဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ခုတ်လှဲခြင်းမပြုမီ ကျွန်းပင်ကို သင်းသတ်ပြီး သုံးနှစ်လောက် ပင်ထောင်အလိုက် ခြောက်သွေ့အောင်ထားပြီးမှ ခုတ်လှဲထုတ်ယူရတာပါ။ မြန်မာနိုင်ငံမှာသာ ကျွန်းပင်ပေါက်ရောက်ဖြစ်ထွန်းပြီး ရှားပါးလို့ သူ့အဆိုအရ ကျောက်မျိုးစုံတွင် စိန်ဟာ အဖိုးအတန်ဆုံး၊ သတ္တုအမျိုးစုံတွင် ရွှေဟာ အဖိုးအတန်ဆုံး၊ သစ်မျိုးစုံတွင် ကျွန်းဟာ အဖိုးအတန်ဆုံးလို့ ဆိုပါတယ်။

ရှေ့ခေတ်ဟောင်း သစ်တောထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု လုပ်ကိုင်မှု၊ ခုတ်လှဲထုတ်လုပ်မှု စသည်တို့ကို အကျဉ်းချုပ်ဖော်ပြခဲ့ပါပြီ။ လက်ရှိအခြေအနေကို ဆက်တင်ပြလိုပါတယ်။ ယနေ့တည်ရှိနေတဲ့ သစ်တောဌာနကြီးဟာ ၁၉၅၆ ခုနှစ်က နှစ် ၁၀၀ ပြည့်ခဲ့ပါပြီ။ ယနေ့ဆိုလျှင် သက်တမ်း ၁၆၀ နှစ်ရှိပြီ။ ဝါရင့်သဘာရင့် ဌာနကြီးဖြစ်ပြီး ဒေါက်တာဘရန်းဒစ် စတင်ချမှတ်လုပ်ဆောင်ခဲ့တဲ့အတိုင်း သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို တိုးတက်လာအောင် စဉ်ဆက်မပြတ် ဆောင်ရွက်လာတာပါ။ စီးပွားရေးကြိုးဝိုင်း၊ ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်း၊ ရေမြေထိန်းသိမ်းရေး၊ သားငှက်တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး ကြိုးဝိုင်းစတာတွေကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်လာခဲ့တာပါ။

> နှစ်ပေါင်းရာကျော် လိုက်နာဆောင်ရွက်လာတဲ့ ရွေးချယ်ခုတ်လှဲထုတ်ယူရေးစနစ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိ သစ်ပင်အမျိုးအစားအလိုက် အရွယ်သတ်မှတ်ချက်ကိုလည်း လိုက်နာဆောင်ရွက်ခြင်းမရှိ တွေ့မြင်သမျှ . . .

သစ်မာမျိုးစုံရှိတယ်ဆိုတာ သစ်မျိုးပေါင်း ၂၀၀၀ နီးပါးရှိနေတဲ့ တိုင်းပြည်ပါ။ သစ်အဖြစ်အသုံးချနိုင်တဲ့ သစ်မျိုးကတော့ ၂၀၀ ကျော်လောက်ရှိပါတယ်။ အခြားနိုင်ငံများမှာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုတက်နေတဲ့အလျောက် သူတို့မှာရှိတဲ့ သစ်မျိုးစုံကို အမျိုးမျိုးခွဲစိတ်ပြုပြင်ပြီး တန်ဖိုးရှိအောင် အသုံးချကြတာပါ။ ကမ္ဘာသုံးပစ္စည်းဖြစ်အောင် ပြုပြင်ထုတ်လုပ်ရောင်းချနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်းနဲ့ ပျဉ်းကတိုး၊ ပိတောက်၊ အင်ကညင်၊ အင်ကြင်း၊ သစ်ရာ၊ ထောက်ကြန့်၊ နှော၊ ရေမနေစတဲ့ လူသိများတဲ့ သစ်များကိုသာ တန်ဖိုးထားအသုံးချနေကြတာဖြစ်ပါတယ်။

မြန်မာ့သဘာဝသစ်တောကြီးများကို စာရင်းကောက်ယူပြီး ခုတ်လှဲထုတ်ယူရေး၊ ပြုစုထိန်းသိမ်းရေး၊ စိုက်ခင်းတည်ထောင်ရေး စတာတွေကို သစ်တောနယ်အလိုက် ကွက်စိပ်စီမံကိန်းရေးဆွဲပြီး ဒေါက်တာဘရန်းဒစ် ဆောင်ရွက်ခဲ့တဲ့အတိုင်း တိတိကျကျ ဆောင်ရွက်လာတာပါ။ ကျွန်းနှင့် သစ်မာမျိုးစုံကို သဘာဝတောက နှစ်စဉ်ထွက်နိုင်တဲ့ တောထွက်အင်အားထက် ပိုမိုခုတ်လှဲထုတ်ယူခြင်း မပြုခဲ့ပါ။ မြန်မာ့ရွေးချယ်စိစစ်ခုတ်လှဲခြင်းစနစ်ဆိုတာ သစ်ကွက်အလိုက် သတ်မှတ်ထားတဲ့ သစ်လုံးပတ်အရွယ်အစားအလိုက် ပင်ထောင်တံဆိပ်ရိုက်ပြီးမှ ခုတ်လှဲထုတ်ယူတာဖြစ်ပါတယ်။

ဒီစနစ်ကို တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းမျိုးမရှိလျှင် သဘာဝသစ်တော ပျက်စီးဆုံးရှုံးတန်ဖိုးကျသွားမှာဖြစ်ပါတယ်။ သစ်ပင်အရွယ်အစား သတ်မှတ်တယ်ဆိုတာ ကျွန်းကို ပင်ထောင်တိုင်းတာတဲ့အခါမှာ မြေမှရင်ဆို့လုံးပတ်လေးပေခြောက်လက်မ၊ အမြင့်မှာလုံးပတ် ၇ ပေရှိတဲ့ အရွယ်အစားကို ဆိုလိုတာပါ။ အဲ့ဒီအပင်ကိုမှ သင်းသတ်ရတာပါ။ ဒီသတ်မှတ်ချက်လည်း အချိန်ကာလနေရာဒေသအလိုက် အပြောင်းအလဲရှိနိုင်ပါတယ်။

အင်ကညင်စတဲ့ သစ်ကြီးများမှာ လုံးပတ် ၈ ပေ ၉ ပေအထိ သတ်မှတ်ထားပါတယ်။ သစ်ရာ၊ အင်ကြင်းစတဲ့ သစ်မျိုးများ လုံးပတ် ၅ ပေ ၆ ပေ အထိဆင်းပြီး သတ်မှတ်ပါတယ်။ သင်းသတ်ဖို့ သစ်မာပင်ထောင်ရိုက်ဖို့ ရွေးချယ်သတ်မှတ်တဲ့အခါ တစ်ကြိမ်တည်းမှာပဲ နောင်တောထွက်အတွက် ချန်ပင်များကိုလည်း တိုင်းတာစာရင်းကောက်ယူရပါတယ်။ သစ်ကွက်အလိုက် အလှည့်ကျထုတ်ယူဖို့ ခုတ်ကွက်ဆိုတာ အနှစ် ၃၀ တစ်ကြိမ်ကို ဆိုလိုတာပါ။ နှစ်ပေါင်းရာကျော် လိုက်နာဆောင်ရွက်လာတဲ့ ရွေးချယ်ခုတ်လှဲထုတ်ယူရေးစနစ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိ သစ်ပင်အမျိုးအစားအလိုက် အရွယ်သတ်မှတ်ချက်ကိုလည်း လိုက်နာဆောင်ရွက်ခြင်းမရှိ တွေ့မြင်သမျှ သစ်ပင်များကို ခုတ်လှဲထုတ်ယူမယ်ဆိုလျှင် သဘာဝသစ်တောပျက်စီးပြုန်းတီးပျောက်ကွယ်သွားနိုင်ပါတယ်။

ကျွန်းမှတစ်ပါး အခြားသစ်များဟာ ပေါက်ရောက်ကြီးထွားမှု အလွန်နှေးပါတယ်။ သဘာဝအတိုင်း အစေ့ကျအပင်ပေါက်တာလဲ အလွန်ကြာပါတယ်။ ကျွန်းမျိုးမှာ သစ်မာမျိုးနှင့်ယှဉ်လိုက်လျှင် ပေါက်ရောက်ကြီးထွားမှုမြန်တယ်။ အစေ့ကျအပင်ပေါက်တာလဲ မြန်ပါတယ်။ သစ်ပင်ဆိုတာဟာ ကောက်ပဲသီးနှံလို နှစ်တိုစီမံကိန်းဖြင့် အမြန်ဆုံးအကောင်ထည်ပေါ်မည်မဟုတ်ပါ။ ရာစုချီ အချိန်စောင့်ရပါတယ်။ သစ်တောကြီးဖြစ်လာဖို့ မလွယ်ကူကြောင်း သိသာနိုင်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(မန္တလေး)
ဒုတိယအကြိမ်မြောက်
ပဓာန နာယက ဆရာကြီး ဦးငွေအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဗီဒီယိုဖြင့် ဟောပြောသင်ကြားပို့ချသော
ဗုဒ္ဓဒေသနာသင်တန်းတရားပွဲ
ဗုဒ္ဓဒေသနာကို ခေတ်ပညာနှင့် ကောင်းစွာ ဆက်စပ်တတ်ပြီး မြတ်ဗုဒ္ဓ၏
တရားတော်များကို ပိုမို၍ နက်နက်နဲနဲ ထိုးထိုးထွင်းထွင်းသိမြင်နားလည်လာရန်
နေ့ရက် - (၆-၆-၂၀၁၅) မှ (၂၅-၆-၂၀၁၅)(ရက်-၂၀ တိတိ)
အချိန် - ညနေ (၆း၀၀)နာရီမှ ည (၈း၀၀)နာရီအထိ။
နေရာ - ဓမ္မဗိမာန်၊ လမ်း ၈၀၊ အနောက်ကျုံးလမ်း၊ ၂၃×၂၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း - ၀၉-၉၁၀၀၅၆၇၈၊ ၀၉- ၂၀၀၇၇၂၆၊ ၀၉- ၄၄၄၀၁၈၀၃၈

WISE College ရှိ နိုင်ငံတကာအသိအမှတ်ပြု ABE (UK) မှ
တိုက်ရိုက်ချီးမြှင့်သော Business Management Diploma
Jun 2015 သင်တန်းများအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း
အဆင့်အတန်းမြင့်မားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလိုသူများ၊ ရာထူးကောင်းလစာကောင်းရရှိလိုသူများ၊ Business Management ဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ် ပိုင်ဆိုင်လိုသူများ လေ့လာ တက်ရောက်သင့်သည့် ABE (UK) Diploma သင်တန်းများကို WISE College တွင် တက်ရောက်နိုင်ပါသည်။
7 သိန်း သက်သာခွင့် + 15% ~ 20% off
လူဦးရေကန့် သတ်ထား ပါသည်။ (ဇွန်လ15 ရက်ထိ)
1. Business Management Higher Diploma
Higher Diploma (Part-1)
Higher Diploma (Part-2)
(တက္ကသိုလ်တက်ရောက်နေဆဲကျောင်းသား/သူများ(သို့)Level -4 Diploma ရရှိပြီးသူများ တက်ရောက်နိုင်)
Enroll 1 Get 3 Diplomas (အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် အစိုးရအသိအမှတ်ပြု Business Management Diploma (၂) ခုကိုလည်း သင်တန်းကြေး 100% off ဖြင့် တစ်နှစ်အတွင်း သင်ကြားရယူနိုင်ပါသည်။)
2. Business Management Graduate Diploma
(ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူများ (သို့) Level-5 Diploma ရရှိပြီးသူများ တက်ရောက်နိုင်)
၎င်းDiploma များအောင်မြင်ပြီးပါကနိုင်ငံတကာ ကောလိပ်/တက္ကသိုလ် (UK, Australia, etc....) ၁၂၀ ကျော်တွင် ဒုတိယနှစ် (သို့) BA Final Year (သို့) MBA 1st Year သို့ တိုက်ရိုက်တက်ရောက်နိုင်ပါသည်။
WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်တွင် 11 May 2015 မှစတင်၍ အပ်နှံနိုင်ပါသည်။ ဖုန်းနံပါတ် – ၀၁ ၅၅၆၁၈၃၊ ၀၉ ၄၂၁၁ ၅၄၈၆၂၊ ၀၉ ၂၅၅၇ ၂၃၃၈၈

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

အဝေးသင်တက္ကသိုလ်သင်တန်းသားများအတွက်
CONFIDENCE
ငြိမ်း အဝေးသင်
ဇွန်လ တန်းခွဲသစ်များ ဖွင့်ပြီ
ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်
ဝိဇ္ဇာ၊ အင်္ဂလိပ်စာ၊ ဥပဒေ၊ စီးပွားရေး
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၂
Nyein လှည်းတန်း ■ ငြိမ်း အဝေးသင် သင်တန်း၊ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၇၆၂၇

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ကျင်းပ

**တောင်ငူ**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို တောင်ငူမြို့နယ် ရှမ်းဝါးတီးကျေးရွာရှိ စာရိတ္တမဏ္ဍိုင် စာကြည့်တိုက်တွင် ဇွန် ၂ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်သန္တာလင်းတို့က မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် လူမှုဘဝမြင့်တင်ရေးအကြောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့မှ အဖွဲ့ဝင်များက ကျေးရွာလူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အကြောင်းတို့ကို အသီးသီးဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျောင်းသူ၊ ကျောင်းသားများက စိတ်ဝင်တစား ကြည့်ရှုခဲ့ကြပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြသည်။

အလားတူ တောင်ငူခရိုင်အတွင်းရှိ အုတ်တွင်း၊ ရေတာရှည်၊ ဖြူး၊ ထန်းတပင်၊ ကျောက်ကြီးမြို့များတွင်လည်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**တောင်ငူ(ပြန်/ဆက်)**



**ချောက်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့မတိုင်မီ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုံ့လုံ့ဆော်ဆောင်ရွက်သည့် အထူးစီမံချက် (ယင်းမာ) အစည်းအဝေးကို ချောက်မြို့ အ. ထ. က (၂) ကျောင်း အစည်းအဝေးခန်းမတွင် ဇွန် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ ရဲအုပ်ဦးဘတိုးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးဟောပြောခဲ့ပြီးနောက် ဒုရဲအုပ်ဦးမင်းမင်းစိုးက မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း စသည်များကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ အထူးသဖြင့် အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်တို့သည် ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ကြဉ်နိုင်စေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာများ၊ ဗဟုသုတများရရှိစေရန် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် လက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြသပေးခဲ့သည်။

အဆိုပါ ပြပွဲသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၆၀ ခန့် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပိုင်ကျုံ**

ကရင်ပြည်နယ် ပိုင်ကျုံမြို့အမှတ် (၄) ရပ်ကွက် အ. မ. က တောင်ပို့ကျောင်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲအခမ်းအနားကို ဇွန် ၁ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲအခမ်းအနားတွင် အ. မ. က တောင်ပို့ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းဆရာမတစ်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်ခူးခူးက မူးယစ်ဆေးဝါးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နံရံကပ်ပြပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ပတ်ကျော ကျေးရွာ အလယ်တန်းကျောင်း၌ ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အသိပညာပေး အကြောင်း ဟောပြောခဲ့သည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာပြီး မူးယစ်ဆေးဝါးပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မျက်စိဝေဒနာရှင်များ ဝမ်းမြောက်ဖွယ်လူမျိုးမရွေး၊ ဘာသာမရွေး၊ အလင်းလက်ဆောင်ပေးပါမည်။

ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော်ဘဒ္ဒန္တဝံသပါလာလင်္ကာရဦးစီး၍ ပြည်တွင်း/ပြည်ပ အလှူရှင်များ စုပေါင်း ဆောက်လုပ်လှူဒါန်းအပ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းစံပြကျေးရွာ(မန္တလေး-မုံရွာ-ကားလမ်းဘေး) ရွှေရတုတိပိဋကစက္ခုပါလကုသိုလ်ဖြစ် အခမဲ့ မျက်စိဆေးရုံကြီးတွင် နီပေါနိုင်ငံမှ မျက်စိအထူးကုပါရဂူ ဆရာဝန်ကြီး DR. SURESH, RAJ, PANT နှင့် DR.SOUKHAN, THAMALY, PHONEKASE, SUMSOUK တို့နှင့် ဆေးရုံဝန်ထမ်းများပူးပေါင်း၍ လူမျိုးမရွေး၊ ဘာသာမရွေး၊ မျက်စိဝေဒနာရှင်များအား နေ့စဉ်လူနာ (၇၀) ခွဲစိတ်ကုသ၍ အလင်းလက်ဆောင်ပေးလျက်ရှိရာ မျက်စိဝေဒနာရှင်များ လာရောက်ကုသနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆေးရုံကြီး၊ ရေရှည်တည်တံ့ခိုင်မြဲ၍ စဉ်ဆက်မပြတ် အလင်းလက်ဆောင်ပေးလှူနိုင်ရန်အတွက် ကုသိုလ်ရှင်များကိုလည်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်ဌာနများ

၁။ မင်းကွန်းတိပိဋက-နိကာယ သာသနာပြုဥပဌာကအဖွဲ့၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၂၂၇၇/၇၈/၇၉၊ ၀၉-၇၃၁၉၇၉၉၅

၂။ ရန်ကုန်မြို့၊ လမ်းမတော် KBZ ဘဏ်စာရင်းအမှတ်(၀၀၄၁၂၁၀၂၈၇၂၆၁)၊ ဆရာတော်ဦးဝံသပါလာလင်္ကာရ၏ စာရင်းသို့ ပေးပို့ လှူဒါန်းနိုင်ပါသည်။

၃။ ရွှေရတုတိပိဋကစက္ခုပါလ မျက်စိဆေးရုံ၊ ထီးဆောင်းစံပြကျေးရွာ ဖုန်း-၀၉ ၄၀၀၅၁၅၃၆၂၊ ၀၉- ၃၃၁၉၅၄၀၊ ၀၉-၂၅၆၀၆၆၁၅၁

**ရွှေရတုတိပိဋကစက္ခုပါလ မျက်စိဆေးရုံ**

## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာဂေါက်သီးရိုက်အသင်း Pool Site နေရာရှိ အသင်းပိုင် အဆောက်အအုံတွင် စားသောက်ဆိုင် (သို့မဟုတ်) Fitness Centre ငှားရမ်းဖွင့်လှစ်လုပ်ကိုင်လိုသည့် နိုင်ငံသားလုပ်ငန်းရှင်များထံမှ ချိပ်ပိတ်တင်ဒါပေးသွင်းရန် အဆိုပြုလွှာရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များပါသော တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် မြန်မာဂေါက်သီးရိုက်အသင်း မန်နေဂျာ(စီမံ)ရုံးတွင် ၁-၆-၂၀၁၅ရက်မှ စတင်ရောင်းချမည်ဖြစ်၍ ချိပ်ပိတ်တင်ဒါများကို ၁၅-၆-၂၀၁၅ ရက် ညနေ ၄ နာရီတိတိ နောက်ဆုံးထားပြီး တင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းသူသည် အာမခံကြေး ကျပ်သိန်းသုံးဆယ်ကို မြန်မာဂေါက်သီးရိုက်အသင်း၏ မြန်မာစီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၁) ငွေစာရင်းအမှတ် SA. ၁၂၃၀၀၈သို့ ပေးသွင်း၍ ငွေသွင်းပြေစာအား တင်ဒါပုံစံနှင့်အတူ ပေးသွင်းရမည်ဖြစ်သည်။ တင်ဒါရွေးချယ်ရေးအဖွဲ့မှ စိစစ်ပြီး (၁)ပတ်အတွင်း တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ ရွေးချယ်ခံရပြီး (၁)လအတွင်း လုပ်ငန်းမဆောင်ရွက်နိုင်ပါက ကော်မတီမှသတ်မှတ်သော ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။

**အလုပ်အမှုဆောင်အဖွဲ့**

THE FIRST MANAGEMENT SCHOOL
မှ အသစ်ထပ်မံဖွင့်လှစ်သင်ကြားပေးမည့်

**Marketing Plan ရေးဆွဲနည်းသင်တန်း**

မိမိတို့လုပ်ငန်းဈေးကွက်တွင် သေချာနိုင်မာသောနေရာ၊ကောင်းမွန်သော အကျိုးအမြတ်ရရှိစေရန် နှင့် ဈေးကွက်တွင်အောင်မြင်စွာ ယှဉ်ပြိုင်ရပ်တည်နိုင်စေရန် Marketing ပညာရပ်ကို အခြေခံမှစတင်ကာ စနစ်တကျနားလည်စေပြီး
Marketing Plan ရေးဆွဲခြင်းအား Strategic Plan ၊ Tactical Plan ၊ Operation Plan တို့ဖြင့်ချိတ်ဆက်နားလည် ရေးဆွဲနိုင်သည်အထိ Professor ကိုယ်တိုင် သင်ကြားပေးမည့်တစ်ခုတည်းသော အတန်းဖြစ်သည်။

နိုင်ငံတကာ နှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းကြီးပေါင်းများစွာ၏ Consultant အဖြစ်ဆောင်ရွက်နေသော စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခကြီး တစ်ဦးကိုယ်တိုင်စနစ်တကျ သင်ကြားပေးသည်။

သင်တန်းစမည့်ရက် 7.6.2015 (SUNDAY)

သင်တန်းကြေး 150,000 Ks ( ပထမဦးဆုံး သင်တန်းအပ်သူ 20 ဦး အား 120,000 Ks ဖြင့် တက်ရောက်ခွင့်ရရှိပါမည်။)

တိုက် (၅)၊ C - 3 ၊ ဒုတိယထပ်၊ လှဆန်းယဉ်တိုက်၊ ဦးထွန်းလင်းခြံလမ်းထိပ်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Ph - 09970676495 / 0949302752

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။**

**ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

မကြာမီပေါ်ထွက်လာမည့် ရှယ်ယာဈေးကွက်နှင့်အရင်းအနှီးဈေးကွက်တို့အတွက် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်သူများ လိုအပ်နေပြီဖြစ်သည်။ လိုအပ်ချက် ကြီးမားနေမှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက် ထွန်းကားနေဦးမည်ဖြစ်ရာ အောက်ခြေအဆင့်မှစ၍ အင်ဂျင်နီယာအဆုံး ကျွမ်းကျင်မှုရှိသည့်သူများ လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့အတူ ကုန်သွယ်မှုကဏ္ဍတွင်လည်း AEC ထူထောင်တော့မည်ဖြစ်ခြင်း၊ ဈေးကွက်များပွင့်လာခြင်း၊ အထူးကုန်သွယ်မှု အခွင့်အရေး GSP ရရှိလာခြင်း၊ ဒေသဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများ ကောင်းလာခြင်းနှင့် လမ်းကြောင်းသစ်များ ပေါ်လာတော့မည်ဖြစ်၍ ဒေသတွင်းကုန်သွယ်မှု ယခုထက်သိသိသာသာ တိုးတက်လာတော့မည်ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် လုပ်ငန်းများ ထွန်းကားလာတော့မည်ဖြစ်၍ ကျွမ်းကျင်သူများ အထူးလိုအပ်နေပြီဖြစ်သည်။ ထို့အတူ ဟိုတယ်နှင့် ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ လက်လီလက်ကားရောင်းဝယ်ရေးနှင့် ကုန်တိုက်များ၊ franchise business များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ စားသောက်ဆိုင်ရာလုပ်ငန်းများ၊ အလှပြင်လုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ စသည်တို့ ယခုထက်ပိုမိုတိုးတက်လာတော့မည်ဖြစ်ရာ လုပ်ငန်းအလိုက် ကျွမ်းကျင်သူများ ပိုမိုလိုအပ်နေပြီဖြစ်သည်။ လက်ရှိစာရင်းများအရ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားကုမ္ပဏီအရေအတွက် ၄၀ သာရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၀၀၀ ကျော်အထိ ဖြစ်လာသလို ပြည်တွင်းကုမ္ပဏီအရေအတွက်လည်း ယခင် ၄၅၀၀ ဝန်းကျင်မှ ယခု ၆၀၀၀ကျော်အထိ သိသိသာသာ တိုးတက်မှုကြောင့် ကျွမ်းကျင်ဝန်ထမ်းနှင့် လုပ်သားလိုအပ်နေဆဲပင်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများအကြား လုပ်ခကွာခြားမှုကြောင့် မြန်မာနိုင်ငံမှ လုပ်သားများ နိုင်ငံတကာသို့ သွားရောက်အလုပ်လုပ်နေကြသည်မှာ ယခင်ခေတ် အဆက်ဆက်ကပင်ဖြစ်သည်။ ယခုအခါ နိုင်ငံတကာသို့ သွားရောက်လုပ်ကိုင်သည့် ရွှေ့ပြောင်းလုပ်သားများအတွက် ယခင်ကထက် အစိုးရမှ အသိအမှတ်ပြုပြီး ပံ့ပိုးကူညီရပ်တည်ပေးမှုများ ပြုလုပ်ပေးနေမှုကြောင့် လုပ်သားများလုံခြုံမှုရှိလာသော်လည်း ရွှေ့ပြောင်းလုပ်သားများ ကျွမ်းကျင်မှုပိုမိုရှိလာရေး၊ အခြေခံအင်္ဂလိပ်စာတတ်မြောက်ရေးနှင့် သိက္ခာရှိသည့်အလုပ်များ ပိုမိုရရှိနိုင်ရေးအတွက် နိုင်ငံခြားသို့ မသွားခင်ကတည်းက လူငယ်များအနေဖြင့် ကျွမ်းကျင်လုပ်သားဖြစ်စေရန် အထူးဖော်ဆောင်ပေးကြိုးစားရတော့ဖြစ်သည်။မကြာမီပေါ်ပေါက်လာတော့မည့် AEC ကြောင့် မြန်မာ့ကျွမ်းကျင်လုပ်သားများ ပိုမိုအခွင့်အရေးရလာတော့မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယခုအခါကျွမ်းကျင်သူများအတွက် ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အရေးများပေါ်များလာသည့်အတွက် လူငယ်လူရွယ်တိုင်း အထူးကြိုးစားသင်ယူရမည့်အချိန်ဖြစ်ပေသည်။ နိုင်ငံသားတစ်ဦးချင်းမှသည် ပြည်သူတစ်ရပ်လုံး၏ အရည်အသွေးတိုးတက်မှုကို ကြိုးစားဖော်ဆောင်နိုင်မှသာ နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ရှေ့ရှုနိုင်မည်ဖြစ်သည်။ ယခုထက် လူတစ်ဦးချင်းစီ၏ အရည်အသွေးနှင့် ကျွမ်းကျင်တတ်မြောက်မှု တိုးတက်လာမှသာ ယနေ့ပွင့်လင်းနေသည့် global supply chain နှင့်ဆက်စပ်နေသော စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများအပြင် မကြာမီပေါ်ထွက်လာတော့မည့် AEC ကြောင့် ပြည်တွင်း၊ ပြည်ပအခွင့်အလမ်းများ၊ အသုံးချနိုင်မည်ဖြစ်သည်။ ထို့အတွက် အဆိုပါ အခွင့်အလမ်းများ လက်တွေ့အသုံးချနိုင်ရေးလုပ်ငန်းရှင်များနှင့် လူငယ်လူရွယ်များ ပြင်ဆင်လေ့လာကြိုးစားအားထုတ်မှုများ စွမ်းစွမ်းတမံလုပ်ဆောင်ရတော့မည်ဖြစ်သည်။ စဉ်ဆက်မပြတ် သင်ယူလေ့လာရေးလုပ်ဆောင်ဖို့လိုသလို အချိန်ကို အကောင်းဆုံးအသုံးချလျက် မနေ့ကထက် ယနေ့အသိဉာဏ်တိုးပွားလာမှုရှိ၊ မရှိ မိမိကိုယ်ကိုမိမိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လူတိုင်းမိမိပြုလုပ်သမျှ "အကာနှင့်အနှစ်" ခွဲခြားနိုင်ရေး အထူးအရေးကြီးသည်။ တန်ဖိုးရှိသည့်အချိန်ကို မိမိဘဝတိုးတက်ရေးအတွက်သာလျှင် အများဆုံးသုံးရမည်ဖြစ်သည်။

အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အပတ်တကုတ် ကြိုးစားအားထုတ်မှုတို့ကြောင့် ယနေ့လူငယ်အချို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ကုမ္ပဏီကြီးများနှင့် ဘဏ်လုပ်ငန်းတို့တွင် ဒေါ်လာလေး၊ ငါးထောင်ရရှိနေသူများ ရှိလာခြင်းသည် လူငယ်တစ်ရပ်လုံးအတွက် နမူနာကောင်းများပင်ဖြစ်သည်။ အမှန်တကယ်မူ လက်ရှိမြန်မာ့စီးပွားရေးတွင် ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက် အထူးကြီးမားနေမှုကြောင့် ယနေ့လူငယ်များအတွက် အခွင့်အရေးကြီးဖြစ်သည့်အတွက် အထူးကြိုးစားရမည့်အချိန်ဖြစ်သည်။

အရေးကြီးသည်မှာ GSC နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် လူငယ်တိုင်း global citizen အဖြစ်ခံယူကာ နိုင်ငံတကာလုပ်ငန်းကြီးများ၊ အဖွဲ့အစည်းများ ဝင်ရောက်နိုင်ရေး ဖော်ဆောင်ပေးကြိုးစားရတော့မည်ဖြစ်သည်။ ယခုအခါ ပြည်တွင်းပြည်ပနိုင်ငံတကာလုပ်ငန်းများ ယခင်ကထက် တိုးပွားနေပြီဖြစ်သလို ၎င်းတို့လုပ်ငန်းများ အလေးထားသည့် ကျွမ်းကျင်မှု (skill)၊ တာဝန်ယူမှု (responsibilities)၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ထုတ်လုပ်စွမ်းအား (efficiency & productivity) စသည်တို့ သဘောပေါက်နားလည်ပြီး လက်တွေ့လိုက်နာကျင့်သုံးနိုင်ရေး လူငယ်တိုင်း ပြင်ဆင်ရတော့မည်ဖြစ်သည်။ I.C.T ခေတ် ဖြစ်၍လည်း လူငယ်တိုင်း အင်္ဂလိပ်စာမဖြစ်မနေ တတ်ကျွမ်းရမည် ဖြစ်သည်။

ယနေ့ခေတ်ထုတ်လုပ်မှုနှင့် လုပ်ငန်းစီမံကိန်း၊ ဒီဇိုင်းရေးဆွဲခြင်း စီမံအုပ်ချုပ်မှု၊ ထုတ်လုပ်မှုအပိုင်း ဈေးကွက်အရောက်ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းတို့ကို ကွန်ပျူတာသုံး၍ လုပ်ဆောင်နေပြီဖြစ်၍ လူငယ်တိုင်း အထူးလိုက်စားရတော့မည်ဖြစ်သည်။ GSC ဟုဆိုရာတွင် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းများနှင့် ဆက်စပ်ပေါင်းစည်းခြင်းသာမက နိုင်ငံတကာနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း များ မည့်သည့်နေရာတွင် ပြုလုပ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုပို့ကုန်များ ဖြစ်လာသောကြောင့် တစ်နည်းအားဖြင့် GSC တွင် အကျုံးဝင်ပေသည်။

ဆက်လက်ဖော်ပြပါမည်။

**ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အရေးများပေါ်များလာသည့်အတွက် လူငယ်လူရွယ်တိုင်း အထူးကြိုးစားသင်ယူရမည့်အချိန်ဖြစ်. . .**

ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

LCCI
Level I+II 15%Dis:
SAT-SUN 7-8:30 am 20.6.15
THU-FRI 9:30-11:30 am 25.6.15
SUN 2-5:00 pm 5.7.15
Level III 15%Dis:
(A) MON to WED 10 am-4 pm 22.6.15
(B) SUN 9 am-5 pm 28.6.15
(C) MON to SUN 6 pm-8 pm 6.7.15
အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း
ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉ ၉၇ ၅၁၀၃၀၀၂၊ ၀၉ ၇၈ ၅၁၀၃၀၀၂

ဝိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

High Tech ENT Head & Neck Surgery
ONE STOP SOLUTION

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုပါမောက္ခဆရာဝန်ကြီး၏
ခွဲစိတ်ကုသပေးမည့် ဖွန်လအစီအစဉ်

(၁၂.၆.၂၀၁၅) တစ်ရက်တည်းသာ ပြင်ပလူနာ ကြည့်ရှုပေးမည်ဖြစ်ပါသည်။

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားလေးရောဂါများကို Cochlear Implant နှင့် Bone Conduction Implant များ ခွဲစိတ်တပ်ဆင်ပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အနစိတ်ခွဲစိတ်ကုသပေးခြင်း။

ကြိုတင်စီစစ်မှုများပြုလုပ်ရန် လိုအပ်ပါသဖြင့် (ဖွန်လ ၈ ရက်) မတိုင်မီ စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

လူဦးရေ အကန့်အသတ်ရှိပါသည်။

အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WitoriyaGeneralHospital
Hunt Line +95 1 9666141 Ext : 7065

# ပွင့်ဖြူမြို့နယ်တွင် မိုးအကြို စိုက်သည့်စမုံနက်နှမ်းစိုက်ခင်း အားမှတ်တမ်းယူ၍ ဆွေးနွေး

**ပွင့်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးအကြိုစိုက်ပျိုးသည့် ကုန်းဇောင်း ရှေ့တန်းစခန်း သံကိုင်းကျေးရွာမှတောင်သူ ဦးခင်မောင်၏ကွင်းအမှတ် ၆၇၃ ရှိစမုံနက်နှမ်း စိုက်ခင်းအား ခရိုင်စိုက်ပျိုးရေးဦးစီးရုံးမှ ခရိုင်စိုက်ပျိုးရေးတာဝန်ခံနှင့်အဖွဲ့၊ ပွင့်ဖြူမြို့နယ် ဦးစီးမှူးရုံးမှ ကွင်းတာဝန်ခံများက နှမ်းသီးနှံပိုးမွှားရောဂါအကြောင်း ကွင်းဆင်းကင်းထောက်၍ မှတ်တမ်းယူပြီးစိတ်ပါဝင်စားသည့် တောင်သူများအား အထွက်နှုန်းတိုးရန်နှင့် အပင်ကျန်းမာ သန်စွမ်းစေရန်ရွက်ဖျန်းမြေဩဇာစပ်နည်း၊ သုံးနည်းများကို လက်တွေ့ပြသ၍ လက်တွေ့ အသုံးပြုစေခဲ့ကာ ပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံများအထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန် မိုးအကြိုနှမ်းများ၊ စပါးများအတွက် နိုင်ငံတော်မှ မြစ်ရေတင်စနစ်၊ ဆည်ရေတင်စနစ်များ ပံ့ပိုးပေးခဲ့သည်။

ယင်းအပြင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းချိန်တွင် နှမ်းမျိုး၊ စပါးမျိုးများအား မိရိုးဖလာ နွားများဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ရာတွင် လုပ်သားရှားပါးခြင်း၊ အချိန်ကုန်၊ ငွေကုန်မှုများခြင်းနှင့် အထွက်နှုန်းနည်းခြင်းတို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာန က ပူးပေါင်း၍လည်းကောင်း၊ ဌာနအလိုက် ကွင်းဆင်း၍လည်းကောင်း စိုက်ပျိုးနည်း၊ ကာကွယ်နည်းများစနစ်တကျထောက်ပံ့ပေးခြင်း၊ ဆွေးနွေးပေးခြင်း၊ ရှင်းလင်းပညာပေးပြသခြင်းများပြုလုပ်ခဲ့သည်။ ယင်းကြောင့် တိုးတက်လာသည့် နည်းပညာနှင့်အညီအချိုးကျမှန်ကန်လာသည့်အတွက် သီးနှံများအထွက်နှုန်း တိုးပွားကောင်းမွန်လာပြီးစိုက်ပျိုးရေးဦးစီးဌာနမှပေးသောနည်းလမ်းနှင့်အကြံဉာဏ်များကို တောင်သူများ ယခင်ထက်စိတ်ဝင်မှုပိုမိုလာကြောင်း ခရိုင်စိုက်ပျိုးရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

"ယခုလိုစိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေ ဒေသတွေအရောက် စပါးခင်းတွေ၊ ပဲတီစိမ်းခင်းတွေနဲ့ နှမ်းခင်းတွေထဲအရောက် စိုက်ပျိုးနည်း၊ ကာကွယ်နည်းအပြင် ပိုးမွှားရောဂါအကြောင်း ကွင်းဆင်းကင်းထောက် မှတ်တမ်းယူတဲ့အပြင် ရှင်းလင်းဆွေးနွေးပညာပေးသဖြင့် နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရတယ်။ အထွက်နှုန်းတိုးပွားအောင် ဘယ်လိုစိုက်ပျိုးရမယ်ဆိုတာ သိရှိရတော့ တခြားသူတွေကိုလည်း သိစေချင်ပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ခွဲထက်ရှင်**

# မိတ္ထီလာကန်ကူးတံတားလုပ်ငန်းခွင်သို့ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် လာရောက်လေ့လာ

**မိတ္ထီလာ ဇွန် ၃**

မိတ္ထီလာ နည်းပညာတက္ကသိုလ်မှ B.E (Civil) ကျောင်းသား၊ ကျောင်းသူများသည် မိတ္ထီလာကန်၏ အရှေ့နှင့် အနောက်ကို ဆက်သွယ်ပေးထားသော ပင်မတံတားတစ်စင်းနှင့် မလုံလောက်သဖြင့် လက်ရှိ နှစ်လမ်းသွား ပေ ၂၀၀ အား တောင်ဘက်သို့ချဲ့၍ ၄၈ ပေအကျယ် လေးလမ်းသွား တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ယခင်တံတားအထူးအဖွဲ့(၁၄) ယခု တံတားအထူးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် မိတ္ထီလာကန်ကူးတံတားသစ်ကြီး၏ လုပ်ငန်းခွင်သို့ ဇွန် ၁ ရက် နံနက် ၁၀ နာရီက လက်တွေ့လာရောက် ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ယင်းသို့လေ့လာရာတွင် တံတားဆောက်လုပ်ရေးတာဝန်ခံမှ မိတ္ထီလာကန်ကူးတံတားဟောင်း အနီးကပ်လျက် အုတ်မြစ် မီနီဘိုးပိုင်နှင့် ကိုယ်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်း ၄၈ ပေ လေးလမ်းသွား (မူလ နှစ်လမ်းသွား)နှင့် လူသွားလမ်း တစ်ဖက် ခြောက်ပေစီပါရှိမည်ဖြစ်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ရှိသည့် ကန်ကူးတံတားသစ် တစ်စင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

ယင်းနောက် နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများအား မေးမြန်းခဲ့ကြရာ တာဝန်ခံမှ ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ခြင်အန္တရာယ်ကင်းဝေးရေး ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

**ခမောက်ကြီး ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းဖွင့်ရာသီအစ ကျောင်းသား၊ ကျောင်းသူများ ကောင်းမွန်စွာ ခြင်အန္တရာယ်ကင်းဝေး၍ ပညာသင်ကြားနိုင်ရေး ကျောင်းဝန်းကျင် ခြင်ဆေးဖျန်းဆောင်ရွက်ခြင်းကို မေ ၃၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုတွင် ကျောင်းများ ဇွန် ၁ ရက်ကစတင် ဖွင့်လှစ်ခဲ့ရာ ခြင်မခိုအောင်းရေး ၊ ကျောင်းသား၊ ကျောင်းသူများ ကောင်းမွန်စွာပညာသင်ကြားနိုင်ရေးအတွက် ရည်ရွယ်ကာ စာသင်ခန်းများ၊ ဆရာ၊ဆရာမ နေအိမ်ဝန်းကျင်နှင့် ကျောင်းပရဝုဏ်အတွင်း အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ခမောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခမောက်ကြီး (ပြန်/ဆက်)**

# ရေမြောင်းများအား စုပေါင်းတူးဖော်

**တနင်္သာရီ ဇွန် ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိ ကျန်းမာရေးလမ်း၊ ရွှေလိပ်ပြာလမ်းနှင့် ရှင်မအောင်သာလမ်းများတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ခြင်များခိုအောင်းပေါက်ဖွားမှု မရှိစေရေးအတွက် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်အခြေပြုဆရာအတတ်သင်တန်းသူသင်တန်းသားများစုပေါင်း၍ မေ ၃၀ ရက် နံနက် ၇ နာရီမှစ၍ ရေမြောင်းများအားတူးဖော်ခြင်း၊ မြက်ခင်းပြင်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**






# စွန့်ပစ်ကော်ဖီမစ်အိတ်မှ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုအသွင် လက်မှုပစ္စည်းများထုတ်လုပ်မှု အခမဲ့သင်ပေးလျက်ရှိ



**ရန်ကုန် ဇွန် ၃**

စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကော်ဖီမစ်အိတ်များမှ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုအသွင် လက်ကိုင်အိတ်များ အပါအဝင်လက်မှုပစ္စည်းများဖန်တီးမှု သင်တန်းကို အခမဲ့သင်တန်းပေးနေကြောင်း သင်ကြားပေးသူပြုလုပ်ရောင်းချသူ အငြိမ်းစားကျောင်းဆရာမ ဒေါ်နုနုစံက ပြောသည်။

"အိမ်နေရင်းအပျင်းလည်းပြေ ပတ်ဝန်းကျင်အမှိုက်မပွအောင် မိန်းကလေးတွေ ဝင်ငွေလည်းရအောင် အခမဲ့သင်ကြားပေးတာပါ။ တစ်ယောက်တည်းဆို ဒေါ်ပုံက ဆရာမအိမ်မှာပဲ သင်ပေးပါတယ်။ သုံးယောက်အထက်စုထားတယ်ဆိုရင် ဆရာမကိုယ်တိုင် မိမိစရိတ်နဲ့ သွားသင်ပေးပါတယ်။ ကျွန်မကိုလည်း ဘောက်ထော်က လုပ်ငန်းရှင်တစ်ဦးက သင်ပေးတာပါ။ နောက်ပြီး ကော်ဖီမစ်အိတ်အခွံတွေကို သန့်သန့်ရှင်းရှင်းသိမ်းထားပေးကြပါ။ တစ်အိတ်ကိုတစ်ကျပ်ပေးဝယ်ပါတယ်။ ဖုန်း ၀၉ ၇၃၀၀၁၅၀၆ နှင့် ၀၉၅၀၂၅၀၆၁ တို့ကို စိတ်ဝင်စားသူများ ဆက်သွယ်နိုင်ပါတယ်" ဟု ဒေါ်နုနုစံက ရန်ကုန်မြို့တွင်ကျင်းပသည့် ပထမအကြိမ်မြန်မာ့လက်မှုအနုပညာပြပွဲတွင် ၎င်း၏စွန့်ပစ်ပစ္စည်းအသုံးပြု လက်မှုပစ္စည်းများရောင်းချနေစဉ် ကြေးမုံသို့ ပြောသည်။

အဆိုပါစွန့်ပစ်ကော်ဖီအိတ်ခွံဖြင့်ပြုလုပ်ထားသည့် ထမင်းချိုင့်လက်ဆွဲအိတ်၊ တစ်သျှူးဘောက်၊ ဆွဲခြင်းစသည်တို့ကို ကျပ် ၁၀၀၀ မှ ၃၅၀၀ ကျပ် ၅၀၀၀ ကျပ်ဈေးအထိ ရောင်းချရလျက်ရှိသည်။ **သန့်ဇင်ဝင်း**

## သတင်းတို

